# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၉) ရက်မြောက်နေ့မှတ်တမ်း

# ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

# (၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက်)

# (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၉-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူ စုစုပေါင်း ၅၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၃ ဦး အနက် ၁၉ ဦးကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားထား သူ ၃၄ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၄ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၄ ရက်၊

(၃) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၄ ရက်၊

(၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၆) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊

(၇) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၈) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၁ ရက်၊

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၁၀) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၁၂) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၁၃) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၁၄) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၄ ရက်၊

(၁၅) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၄ ရက်၊

(၁၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊

(၁၇) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊

(၁၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁ ရက်၊

(၂၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၂၂) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၂၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၄) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၂ ရက်၊

(၂၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၄ ရက်၊

(၂၆) ကွန်ဟိန်းမဲဆန္ဒနယ် ဒေါ်နန်းဝါနု ခွင့် ၄ ရက်၊

(၂၇) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၂၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၂၉) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၃၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၃၁) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမြင့်နိုင်လွင် ခွင့် ၁ ရက်၊

(၃၂) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းဝင်း ခွင့် ၂ ရက်၊

(၃၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို တင်ပြထားတဲ့အတိုင်း အချိန်ကိုလေးစားသောအားဖြင့် လိုအပ်သလောက်သာတင်ပြပြီး ဖြေဆိုတဲ့နေရာမှာလည်း လိုအပ်သလောက်ဖြေဆိုဖို့ ကြိုတင်တင်ပြပါတယ်။

**ထိုင်းနိုင်ငံရှိ အကျဉ်းကျခံနေရသော မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် အကျဉ်းကျခံနေရသော ထိုင်းနိုင်ငံသားများကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေသန်း ၆၀ ရှိပါတယ်။ ဆင်းရဲမွဲတေမှုကြောင့် အလုပ်အကိုင်ရရေးအတွက် ဘဝထွက်ပေါက်အဖြစ် နိုင်ငံခြားမှာ သွားရောက်အလုပ်လုပ်ကိုင်တဲ့သူတွေအထဲမှာ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသား ၃ သန်းခန့်ရှိတယ်လို့ သိရှိရပါတယ်။ ထိုင်းနိုင်ငံရောက်မြန်မာတွေဟာ လုပ်အားခအပြည့်မရ၊ လုပ်ငန်းခွင်မှာ ထိခိုက်လို့ရှိရင်လည်း လျော်ကြေးမရပေမယ့် သေချာပေါက်ရတဲ့အဖြစ်ကတော့ ထိုင်းနိုင်ငံရဲ့ တည်ဆဲဥပဒေကို ချိုးဖောက်တယ်ဆိုပြီးတော့ စွပ်စွဲထားတဲ့အမှုတွေမှာတော့ ထောင်ဒဏ်ကျတဲ့ကိစ္စကတော့ သေချာပေါက်ရတဲ့ကိစ္စပါ။ အဲ့ဒီတော့ ထိုင်းနိုင်ငံမှာ ထောင်ကျနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုကြောင်း တင်ပြအပ်ပါတယ်။ (က) ထိုင်းနိုင်ငံသို့ရောက်ရှိနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် ဥပဒေချိုးဖောက်သဖြင့် ထိုင်းနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းချခံနေရသော မြန်မာနိုင်ငံသား အကျဉ်းသားဦးရေ မည်မျှရှိပါသနည်း။ (ခ) မြန်မာနိုင်ငံအကျဉ်းထောင်များတွင် ထောင်ဒဏ်အပြစ်ပေးခံရပြီး အကျဉ်းကျနေသည့် ထိုင်းနိုင်ငံသားအကျဉ်းသားများရှိရာ နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လွှတ်ပေးခဲ့သည့် ထိုင်းအကျဉ်းသားဦးရေသည် ၃၀-၃-၂၀၁၀ ရက်နေ့နောက်ပိုင်းတွင် အရေအတွက်မည်မျှရှိပါသနည်း။ (ဂ) အဆိုပါ ထိုင်းနိုင်ငံရှိ အကျဉ်းထောင်များ၌ အကျဉ်းကျနေသော မြန်မာနိုင်ငံသား အကျဉ်းသားများအပေါ် ပြည်ထောင်စု

အစိုးရအနေဖြင့် မည်ကဲ့သို့ ကူညီစောင့်ရှောက်မှုများရှိပါသနည်း။ (ဃ) ထိုင်းနိုင်ငံအကျဉ်းသားများကို မြန်မာအစိုးရက အကျဉ်းထောင်မှ လွှတ်ပေးခဲ့သလို ထိုင်းနိုင်ငံအကျဉ်းထောင်များ၌ အကျဉ်းကျနေသည့် မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးပါမည်နည်းဆိုတဲ့ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်း(က)မှာ ပါတဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ မြန်မာနိုင်ငံသားအကျဉ်းသားစာရင်းရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံး ဘန်ကောက်မြို့မှ တစ်ဆင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကို ညှိနှိုင်းဆက်သွယ်အကြောင်းကြားခဲ့တာ စုစုပေါင်းခန့်မှန်းခြေ ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရှိရပါတယ်။ မေးခွန်း(ခ)မှာပါတဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များအရ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနက ပြန်လွှတ်ပေးခဲ့တဲ့ ထိုင်းနိုင်ငံသားအကျဉ်းသားအရေအတွက်ဟာ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ကာလအတွင်း ကျား ၉၃ ဦး၊ မ ၉ ဦး၊ စုစုပေါင်း ၁၀၂ ဦးရှိပါတယ်။ မေးခွန်း(ဂ)မှာပါတဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ မြန်မာနိုင်ငံသားအကျဉ်းသားများရဲ့ မိဘဆွေမျိုးမိတ်ဆွေများ လာရောက်တွေ့ဆုံရာမှာ တွေ့ဆုံခွင့်ရရှိရေးအတွက် ထောက်ခံချက်ထုတ်ပေးခြင်း၊ အကျဉ်းသားများအား မြန်မာနိုင်ငံမှာရှိတဲ့ မိဘဆွေမျိုးများဆီကို ဖုန်းနှင့်ဆက်သွယ်အကြောင်းကြားနိုင်ရေးအတွက် ခွင့်ပြုချက်ရရှိဖို့ ထောက်ခံစာပြုလုပ်ပေးပို့ခြင်း၊ ဆေးဝါးကုသခွင့်ရရှိဖို့အတွက် ထောက်ခံချက်များ ပြုလုပ်ပေးခြင်း၊ ထိုင်းဘုရင်နှင့် မိဖုရားတို့ရဲ့ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးတို့အတွက် ထောက်ခံစာပြုလုပ်ပေးခြင်း၊ ထောင်ပြောင်းရွှေ့လိုတဲ့

အကျဉ်းသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးခြင်း၊ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း ထောက်ခံစာများပြုလုပ်ပေးခြင်း၊ အကျဉ်းသားတစ်ဦးစီရဲ့ လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့် ရရှိရေးအတွက် အကျဉ်းထောင်မှတစ်ဆင့် စာတိုက်မှ စာဖြင့်သီးခြားပေးပို့တောင်းဆိုခြင်းများ အတွက်ကိုလည်း ထောက်ခံချက်များပြုလုပ်ပေးခြင်းတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံး ဘန်ကောက်မြို့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ မေးခွန်း(ဃ)မှာပါတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးနှင့် ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံးက ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အလုပ်သမားဝန်ကြီးဌာနများကို တရားဝင်ရုံးစာများနဲ့ အကြောင်းကြားပေးပို့တဲ့ မေတ္တာရပ်ခံခဲ့တဲ့အပြင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဟာ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့နှင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တို့မှာ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ကို သွားရောက်တွေ့ဆုံပြီး တင်ပြတောင်းဆိုခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ အစဉ်အလာအရ ထိုင်းဘုရင်နှင့် မိဖုရားတို့ရဲ့ မွေးနေ့အခါသမယ ဒီဇင်ဘာ ၅ ရက်နှင့် ဩဂုတ်လ ၁၂ ရက်နေ့တို့မှာ ထိုင်းလူမျိုးများအပါအဝင် ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်များမှာ ပြစ်ဒဏ်အသီးသီးကျခံနေရသူများကို ပြစ်ဒဏ်လျှော့ပေါ့ခြင်းများနှင့် လွတ်ငြိမ်းချမ်းသာခွင့်များပေးခြင်းကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါတယ်။ ယခုအခါ မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးနှင့် ပြစ်ဒဏ်လျှော့ပေါ့ ခွင့်ပြုချက်ရရှိရေးတို့အတွက် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနက ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများကို ဆက်လက်တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံ ဘုရင့်တော်ဝင်နန်းတော်ကို ဆက်လက်တင်ပြနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘုရင့်တော်ဝင်နန်းတော်ရဲ့ အတည်ပြုချက်ကိုရယူပြီး လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လျှော့ပေါ့ခွင့်တရားဝင်အမိန့်များ ထုတ်ပြန်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ထိုင်းနိုင်ငံမှာ အကျဉ်းကျနေကျတဲ့ မြန်မာနိုင်ငံသားအကျဉ်းသားများလွတ်မြောက်ရေး၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးနှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခွင့်များ ရရှိရေးတို့အတွက် ထိုင်းနိုင်ငံရဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် သံတမန်နည်းလမ်းအရပါ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ပုဒ်မ ၁၁၆(က) အရ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ကို ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်။ အရင်ဆုံး ဒုတိယ ပြည်ထဲရေးဝန်ကြီးက အခုဆောင်ရွက်ပေးတာကို တင်ပြတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ သို့သော် တစ်ဆက်တည်းမေးချင်တဲ့အချက်ကတော့ ခုနက တရားဝင် လမ်းကြောင်းက အကျဉ်းသားဦးရေဟာ ၃၀၀၀ ကျော်လို့ ဖော်ပြပေမယ့် အခြားလူ့အခွင့်အရေး အဖွဲ့အစည်းတွေ INGO တွေရဲ့ စာရင်းတွေမှာတော့ ၁၀၀၀၀ ကျော်လို့ ခန့်မှန်းနေကြပါတယ်။ ဘာဖြစ်ဖြစ် အခုမြန်မာနိုင်ငံသားအကျဉ်းသားတွေကို သံရုံးကထောက်ခံချက်ပေးတဲ့အတွက် နှစ်ပတ် တစ်ကြိမ် ဖုန်းနဲ့ပြောခွင့် အရင်တုန်းကမရတဲ့အခွင့်အရေး အခုရလာတဲ့အတွက် ဒါကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ တစ်ဆက်တည်း ကျွန်တော် မေးချင်တဲ့ အချက်အလက်ကတော့ ဒီအကျဉ်းသားတွေရဲ့ ကယ်တင်ရှင်ဟာ ဒီနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအစိုးရအနေနဲ့ အမေရိကန်တို့၊ ဥရောပနိုင်ငံတွေ တို့ အိမ်နီးချင်းဖြစ်တဲ့ လာအိုတို့၊ ကမ္ဘောဒီးယားတို့တောင် ထိုင်းနိုင်ငံနဲ့ နှစ်နိုင်ငံအကျဉ်းသား လဲလှယ် ရေးစာချုပ်တွေ ချုပ်ဆိုထားပါတယ်။ အဲ့ဒါကြောင့် ပြစ်မှုကြီးရင် ၈ နှစ်၊ ပြစ်မှုသေးရင် ၄ နှစ် အဲ့ဒီ ထောင်ထဲမှာ အပြစ်ကင်းစင်ပြီးရင် မိမိနိုင်ငံကို ပြန်လာခွင့်ရခဲ့ပါတယ်။ အဲ့ဒီလိုအခွင့်အရေး ရနိုင်ဖို့ အတွက် ထိုင်းနှင့်မြန်မာနိုင်ငံ နှစ်နိုင်ငံအကျဉ်းသားလဲလှယ်ရေးစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ချုပ်ဆိုဖို့ အစီအစဉ်ရှိပါသလား။ ရှိရင်လည်း မည်သည့်ကာလ လောက်မှာ ချုပ်ဆိုမည်ဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါ တယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ထိုင်းနိုင်ငံနှင့်ပတ်သက်လို့ ကတော့ နှစ်နိုင်ငံအကျဉ်းသားဖလှယ်တဲ့စာချုပ်ကို ချုပ်ထားခြင်းမရှိပါဘူး။ နောက်ထပ်ချုပ်ဆိုဖို့ အစီအစဉ်နှင့်ပတ်သက်ပြီးတော့ နောက်မှပဲ ပြန်လည်တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ နှစ်နိုင်ငံအကျဉ်းသားလဲလှယ်ရေးကိစ္စစာချုပ်များသည် ပြည်ထောင်စုအစိုးရ ရဲ့ အဆုံးအဖြတ်နဲ့ဆောင်ရွက်ရတဲ့ ကိစ္စဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားခြင်းမရှိ နိုင်တာကို နားလည်ရမှာ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ဒီနေ့ ဒီခန်းမထဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာန တက်ရောက်တဲ့အတွက် အကျဉ်းသားအရေးအတွက် မှန်ကန်စွာရရှိနိုင်ရေးအတွက် မည်သို့မည်ပုံ

ဆောင်ရွက်သင့်ကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ မည်သို့မည်ပုံ ဒီကိစ္စများဆောင်ရွက်လျက်ရှိသည်ကို လွှတ်တော်က သိရှိနိုင်အောင် ရှင်းလင်းနိုင်လျှင် ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ မေးမြန်းချက်အရ အကျဉ်းသားများဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နေမှုများကို အကျဉ်းချုံးတင်ပြလိုပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ မည်သည့်နိုင်ငံမှာဖြစ်စေ မိမိနိုင်ငံရဲ့ အကျဉ်းသားများ ဘယ်ရွေ့ဘယ်မျှရှိတယ်ဆိုတာကို သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနများ ကနေတစ်ဆင့် စုံစမ်းမေးမြန်းပြီးတော့ ဆောင်ရွက်တဲ့နည်းလမ်းတစ်ရပ်ရှိပါတယ်။ နောက်တစ်ချက်ကတော့ သက်ဆိုင်ရာနိုင်ငံများမှာ ပြစ်မှုကျူးလွန်တဲ့အတွက် ဥပဒေချိုးဖောက်မှုများရှိတဲ့အတွက် ဖမ်းဆီးအရေးယူထားပါတယ်ဆိုပြီးတော့မှ သက်ဆိုင်ရာ နိုင်ငံများရဲ့ ပြည်ထဲရေးဝန်ကြီးဌာနများကနေတစ်ဆင့် သူ့ရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အဲ့ဒီက သက်ဆိုင်ရာ သံရုံးများ၊ မြန်မာနိုင်ငံသံရုံးများကို လာရောက်ပြီးတော့မှ မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် စိစစ်ဖို့၊ ဒီလူတွေရဲ့ တရားစီရင်မှုကို လာရောက်ပြီးတော့ နားထောင်မှုစသည်ဖြင့် အသီးသီးဆက်သွယ်ဆောင်ရွက်လေ့ရှိပါတယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံချင်း ဆောင်ရွက်ချက်များကတော့ တူညီလေ့မရှိပါဘူး။ နောက် အဲ့ဒီနိုင်ငံများမှာ ပြည်ပနိုင်ငံများမှာ ထုတ်လုပ်တဲ့ သတင်းစာများကနေပြီးတော့တစ်ဆင့်လည်း မြန်မာနိုင်ငံသားဟု ယူဆရသော ပုဂ္ဂိုလ်များကို ဒီအမှုနဲ့ ဒီလိုဖမ်းဆီးတယ်၊ ဒီလိုအရေးယူဆောင်ရွက်တယ်စသည်ဖြင့် ဒီနည်းလမ်းနဲ့လည်း ရှာဖွေပြီးတော့မှ သိရှိတဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနကနေတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့မှ မေးမြန်းပြီးတော့မှ စာရင်းများကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ တရားဝင်မေးမြန်းပြီးတော့မှ ရလာတဲ့ အကျဉ်းသားဦးရေကိုပဲ ရယူရလေ့ရှိပါတယ်။ နောက်တစ်ခါ အဲ့ဒီအကျဉ်းသားများဟာ မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ်ဆိုတဲ့ဟာကို Counsellor Accept လို့ခေါ်တဲ့ ကောင်စစ်အရာရှိကနေပြီးတော့မှ သက်ဆိုင်ရာ အကျဉ်းထောင်များကို သွားရောက်တွေ့ဆုံပြီးတော့မှ မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် ပုံစံများနှင့် မေးမြန်း၊ မြန်မာနိုင်ငံသားဟုတ်ကြောင်းကိုလည်း ကျွန်တော်တို့နိုင်ငံကို ပြန်လည်ပို့ပြီးတော့မှ သူရဲ့ နေရပ်လိပ်စာ၊ ဆွေမျိုးသားချင်းအစ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေ

တစ်ဆင့် မေးမြန်းအတည်ပြုပြီးတော့မှ မြန်မာလိုလည်းပြောတတ်တယ်။ တိုင်းရင်းသားဘာသာ တစ်ခုခုလည်း ပြောတတ်တယ်။ အဲ့ဒီလိုဆိုရင် မြန်မာနိုင်ငံသားဖြစ်နေတယ်။ ဘယ်ရွှေ့ဘယ်မျှပြစ်ဒဏ်ကျခံရမယ်။ ဘယ်တော့လွှတ်မယ်ဆိုတဲ့ စာရင်းဇယားများအားလုံး ရယူပြီးတော့မှ အတည်ပြုပါတယ်။ ယခုလက်ရှိ ဖြစ်ပေါ်နေတဲ့ ထိုင်းနိုင်ငံအခြေအနေနဲ့ကတော့ အကျဉ်းသားဦးရေ ခန့်မှန်း ၃၀၀၀ ကျော်ဆိုတဲ့ဟာက ပြစ်ဒဏ်ကျခံပြီး လွတ်သွားတာရှိတယ်။ ထပ်မံဖမ်းဆီးပြီးတော့မှ အရေးယူတာရှိနေတဲ့အတွက် တည်ငြိမ်မှုတော့မရှိပါဘူး။ အဲ့ဒါလည်း သူရဲ့ ပြည်ထဲရေးဝန်ကြီးဌာနကနေ သံရုံးကိုအကြောင်းကြားမှပဲ သိရှိရပြီးတော့မှ သိရှိတယ်ဆိုရင်လည်း သံရုံးများကသွားရောက်ပြီးတော့Accept လုပ်ထားတဲ့ ဟာမျိုးဖြစ်ပါတယ်။ ကျန်တဲ့ Accept လုပ်ထားခြင်းမရှိတဲ့ကိစ္စများ ခန့်မှန်းထားတဲ့ ဦးရေများကိုတော့ သိရှိနိုင်ခြင်းမရှိဘဲနှင့် ဘယ်လောက်ရှိတယ်ဆိုတဲ့ဟာကို ထပ်မံမေးမြန်းပြီးတော့မှ တိတိကျကျ ဒေသခံများက စာရင်းရတယ်ဆိုလို့ရှိရင် စာရင်းရတဲ့အနေနဲ့တိုက်ရိုက် စစ်ဆေးကြည့်ရှုပြီးတော့မှသာလျှင် ကျခံနေရတဲ့ အကျဉ်းသားဦးရေကို အတိအကျသိနိုင်မှာပဲ ဖြစ်ပါတယ်။ အကျဉ်းသားလဲလှယ်ရေး ကိစ္စများနှင့်ပတ်သက်ပြီးတော့မှ နှစ်နိုင်ငံသဘောတူစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များကို လက်မှတ်ရေးထိုးတော့မယ်၊ သဘောတူလက်ခံမယ်ဆိုလို့ရှိရင် စာချုပ်ရဲ့ အကျိုးသက်ရောက်မှု အပေါ်မှာ မူတည်ပြီးတော့မှ အများနည်းတူဆောင်ရွက်တာရှိသလို ကိုယ့်နိုင်ငံနဲ့ ဆီလျော်မယ့်ဆက်စပ်မယ့်ကိစ္စရပ်များအတွက် နှစ်နိုင်ငံသဘောတူညီမှုများရယူပြီးတော့မှချုပ်ဆို ဆောင်ရွက်လေ့ရှိပါတယ်။ ဒီလိုမချုပ်ဆိုခင်မှာ နှစ်ဦးနှစ်ဖက်မည်သည့်နိုင်ငံကစပြီးတော့မှ Propose လုပ်ပြီးတော့မှတာကို မူတည်ပါတယ်။ ကိုယ့်နိုင်ငံအများအကျိုးစီးပွားအတွက် ကာကွယ်ချင်တယ်ဆိုရင် ကိုယ့်နိုင်ငံကဒီလိုဒီလိုတော့ဆောင်ရွက်ချင်တယ်ဆိုတာကို တစ်ဘက်နိုင်ငံကို အဆိုပြုပါတယ်။ အဆိုပြုပြီးတော့မှ တစ်ဖက်နိုင်ငံကလည်း သက်ဆိုင်ရာဥပဒေများနဲ့ တရားနည်းလမ်းကျ၊ မကျ၊ အဖွဲ့အစည်းများရဲ့ လိုက်နာဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိဆိုတဲ့ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးပြီးတော့မှ နှစ်ဦးနှစ်ဖက်သဘောတူတယ်ဆိုလို့ရှိရင်တော့ စာချုပ်အဆင့်ကိုရောက်ဖို့အတွက် အခြေခံ MOU များ လက်မှတ်ရေးထိုးမှာ ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာ ဥပဒေပညာရှင်များနှင့်တိုင်ပင်ပြီးတော့မှ နှစ်ဦးနှစ်ဖက်သဘောတူညီနိုင်တဲ့အထိ အဆင့်ဆင့်လေ့လာသုံးသပ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားလေ့ရှိကြောင်းနှင့် ဒီလိုပဲဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များအောင်မြင်စေရန် တပ်ဖွဲ့တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်များနှင့် ပြည်သူလူထုတစ်ရပ်လုံးမှဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့နဲ့ဆက်သွယ်ပြီးတော့ ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ပတ်သက်လို့ မိုးပွင့်စီမံချက်များ နှင့် ၂၀၁၄ ခုနှစ်မှာပြုလုပ်မည့် သန်းခေါင်စာရင်းကောက်ယူမှုများကို လုပ်သားပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များသိဖို့အတွက် မေးမြန်းပေးပြီးဖြစ်ပါတယ်။ ယနေ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လာမည့်နှစ်ဘတ်ဂျက်မှာသုံးစွဲထားတဲ့ ရဲတပ်ဖွဲ့ကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်လို့ လုပ်သားပြည်သူများရော၊ လွှတ်တော်ကိုယ်စားလှယ်များရောသိစေလိုတဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂၉ မှာ ပြည်ထောင်စုအစိုးရဟာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ပါပါတယ်။ အလားတူပုဒ်မ ၂၂၇ မှာ ပြည်ထောင်စုအစိုးရဟာဥပဒေနှင့်အညီ ပြည်ထောင်စုဆိုင်ရာဝန်ထမ်းဆိုင်ရာအဖွဲ့အစည်းများကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်လို့ပါပါတယ်။ အဲ့လိုဖွဲ့စည်းတဲ့အခါမှာ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တွေကို သတ်မှတ်ပေးပြီးတော့ လိုအပ်တဲ့ဝန်ထမ်းတွေခန့်ဖို့လည်းပါပါတယ်။ ပုဒ်မ ၂၂၈ မှာ နိုင်ငံတော်ရဲ့ အခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို အခါအားလျော်စွာတင်ပြရမည်လို့ပါပါတယ်။ ဆိုလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေနှင့် ပြည်သူတွေက အစိုးရရဲ့ လုပ်ဆောင်ချက်တွေကိုသိဖို့တင်ပြစေချင်တာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ နိုင်ငံတော်အနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ဖြစ်ဖို့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်တဲ့အချိန် ဖြစ်ပါတယ်။ ဒီအချိန်မှာ အရေးကြီးဆုံးက တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေထိန်းနိုင်မှာဖြစ်ပါတယ်။ ဒီ့အတွက် အမှန်တကယ်လိုအပ်တဲ့အဖွဲ့အစည်းကတော့ ရဲတပ်ဖွဲ့ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ရဲ့အင်အားများတိုးချဲ့ခြင်းကို

ကျွန်တော်တို့ကြိုဆိုပါတယ်။ သို့သော် လာမည့်ကာလမှာလုပ်မည့် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ပြည်သူများကိုလည်းသိစေချင်ပါတယ်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သိစေချင်တဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းခြင်းဖြစ်ကြောင်းတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပေးအပ်ထားတဲ့ရည်မှန်းချက်တာဝန်တွေကို အောင်မြင်စွာထမ်းဆောင်နိုင်ဖို့အတွက် တပ်ဖွဲ့တိုးချဲ့ဖွဲ့စည်းခြင်းကိုဆောင်ရွက်လျက်ရှိရာမှာ အဆိုပါ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေး လွှတ်တော်များနှင့် ပြည်သူလူထုတစ်ရပ်လုံးမှာဝိုင်းဝန်း ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက် ရှင်းလင်းဖြေကြားပေးဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းခြင်း ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ် ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ရည်မှန်းချက်တာဝန်များကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အဓိကတာဝန်ကြီး ၂ ရပ်ဖြစ်တဲ့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ဖို့အတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများဖြစ်တဲ့ တပ်ဖွဲ့တွေကို တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အသွင်သစ်နဲ့ဖွဲ့စည်းခြင်းတို့ကိုဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၂၀၀၆ ခုနှစ် သုတေသနလေ့လာသုံးသပ်ချက်အရ နိုင်ငံလူဦးရေ ၁၀၀၀၀၀ လျှင် ခန့်မှန်းရဲတပ်ဖွဲ့ဝင်အင်အား ၃၀၀ ဦးခန့်လိုအပ်ကြောင်းတွေ့ရှိမှုနှင့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အခြားအာရှ၊ ဥရောပ၊ အမေရိကန်နိုင်ငံများရဲ့ ရဲနှင့် နိုင်ငံ့လူဦးရေပျမ်းမျှအချိုးများ အပေါ် လေ့လာတွေ့ရှိချက်များအရ

နိုင်ငံတစ်နိုင်ငံအနေနဲ့ ရဲနှင့် နိုင်ငံ့လူဦးရေအချိုးကို ၁း၃၀၀ နှင့် ၁း၄၀၀ ကြားမှာထားရှိရန် ကမ္ဘာ့နိုင်ငံအသီးသီးက ရဲတပ်ဖွဲ့ဝင်အင်အားကိုတိုးမြှင့်ဖွဲ့စည်းလာကြပါတယ်။ အဲ့ဒီလိုဆောင်ရွက်လျက်ရှိရာမှာ လုပ်ငန်းလိုအပ်ချက်၊ နယ်မြေလိုအပ်ချက်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့အခြေအနေအရပ်ရပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ရဲ့အရည်အသွေးစံချိန်မီဖို့အတွက် နိုင်ငံ့လူဦးရေနှင့် ရဲတပ်ဖွဲ့ဝင်အင်အားအချိုးအစားအပေါ်မှာ ရှိသင့်တဲ့ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူ့အချိုး ၁း၄၀၀ ပြည့်မီအောင်ဆောင်ရွက်သင့်တယ်ဆိုတဲ့လေ့လာတွေ့ရှိချက်တို့အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံများကို ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူအချိုး ၁း၄၀၀ တစ်နည်းအားဖြင့် လူဦးရေ ၁၀၀၀၀၀ မှာ ရဲတပ်ဖွဲ့ဝင် ၂၅၀ ဦး၊ လက်ရှိလူဦးရေသန်း ၆၀ အတွက် ရဲတပ်ဖွဲ့ဝင် ၁၅၀၀၀၀ အထိတိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံများကို အသစ်ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနက မူဝါဒများချမှတ်ပြီး ဆောင်ရွက်ရမည့်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်လို့ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ အမျိုးသားစီမံကိန်းရဲ့ပဉ္စမကာလတို ၅ နှစ်စီမံကိန်းအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရေးဆွဲတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ပဉ္စမကာလတို ၅ နှစ်စီမံကိန်းရဲ့ တတိယစီမံကိန်းမှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဆောင်ရွက်ရမည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အသေးစိတ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်ယူနေရတဲ့ ရဲတပ်ဖွဲ့ဝင်များက တိုးတက်လာတဲ့ခေတ်စနစ်နဲ့အညီ များပြားလာတဲ့စီးပွားရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုံခြုံရေးအတွက် ယခင်ကထက်ပိုမိုတိုးတက်များပြားစွာထောင့်စုံ၊ ကဏ္ဍစုံကနေ တာဝန်ထမ်းဆောင်နေရတာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှုများကိုတင်ပြရရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာသာမန်အသုံး စရိတ်ကျပ်သန်းပေါင်း ၄၀၈၉၂.၂၄၄ ကျပ်သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၆၆၂၀.၉၃၈ ကျပ်သန်း၊ စုစုပေါင်း ၄၇၅၁၃.၁၈၂ ကျပ်သန်းသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း ၅၆၂၉၆.၆၇၃ ကျပ်သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၅၁၅၇.၃၅၆ ကျပ်သန်း၊ စုစုပေါင်း ၉၁၄၅၄.၀၂၉ ကျပ်သန်းသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း ၉၆၇၆၂.၇၃၂ ကျပ်သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၃၅၉၃၃.၄၀၃ ကျပ်သန်း၊ စုစုပေါင်း ၁၃၂၆၉၆.၁၃၅ ကျပ်သန်း သုံးစွဲလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄

ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း ၁၁၈၂၇၄.၆ ကျပ်သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ကျပ်သန်းပေါင်း ၅၇၉၆၃.၈၀၆ ကျပ်သန်း၊ စုစုပေါင်း ၁၇၆၂၃၈.၄၀၆ ကျပ်သန်း ကတင်ပြထားဆဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ပေးအပ်ထားတဲ့ ရည်မှန်းချက် တာဝန်တွေကို အောင်မြင်စွာထမ်းဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားများ အသစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး လစာ၊ ရိက္ခာ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ တင်ပြတောင်းခံလျက်ရှိရာမှာ လွှတ်တော်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်မှသာလျှင် ပြည်သူလူထုပူးပေါင်းပါဝင်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (Community Policing) ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အခြေခံပညာရေးဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ။** ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာရေးစနစ်ရဲ့ အခမဲ့ မူလတန်းပညာရေးစနစ်ကို ပြည်သူတွေပြည့်ပြည့်ဝဝခံစားနိုင်ဖို့ ရည်ရွယ်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်ကို အနည်းငယ်တင်ပြခွင့်ပြုပါ။ မူလကကျွန်တော့်ရဲ့ အဆိုဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုကနေ မေးခွန်းပြောင်းလိုက်တဲ့အခါ ကနေ့ ဖြေကြားမယ့် ပညာရေးဌာနဝန်ကြီးက အဆင့်မြင့်ပညာရေးဌာနက ဖြစ်နေပြီးတော့ သူပြင်ဆင်လာတဲ့အဖြေက ကျွန်တော့်ရဲ့ အဆိုပေါ်မှာ ပြင်ဆင်လာတာဖြစ်ကြောင်း လွှတ်တော်ရုံးအဖွဲ့က အကူအညီ ဆက်စပ် ပေးမှုအရ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မေးခွန်းဟာ Agenda ကန့်လန့်ဖြတ်ဇယားမှာ ဖော်ပြထားချက်နဲ့ အနည်းငယ်ကွဲလွဲသွားမှာ ဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ အခြေခံ ပညာရေးစနစ်ရဲ့မူဟာ ကျောင်းအဆင့်တိုးမြှင့်ရေး၊ မူလတန်း ဆရာဆရာမများခန့်ထားရေးမူဟာ ယခင်အစိုးလက်ထက်က ပြဋ္ဌာန်းထားတဲ့မူများဖြစ်နေပါတယ်။ ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲသင့်တဲ့မူများဖြစ်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် ကျွန်တော် တို့ မူလတန်းကျောင်းတစ်ကျောင်းကို ပထမဆုံး တွဲဖက်မူလတန်းကျောင်း ဒုတိယအဆင့်ခွဲကျောင်း

နောက်မှ ပတ်ကားကျောင်း၊ အလယ်တန်းအဆင့်မှာ မူလွန်အဆင့် အလယ်တန်းကျောင်းခွဲ အလယ်တန်းကျောင်းဆိုပြီးတော့ အဆင့်တွေများနေပါတယ်။ အဲဒီတော့ မူလွန်အဆင့်မူလတန်းမှာ တွဲကျောင်းဆိုရင် ကျွန်တော်တို့က မိဘတွေက ဆရာငှားရမ်းရပါတယ်။ အလယ်တန်းအဆင့်မှာ မူလွန် ဆိုရင် အလယ်တန်းကျောင်းဆရာတွေကို ပြည်သူလူထုက ငှားရမ်းရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တွဲကျောင်းအဆင့်ကို မူလတန်းအဆင့်မှတွဲကျောင်းအဆင့်ကို ဖြုတ်ပေးစေလိုပါတယ်။ အလယ်တန်း အဆင့်မှာလည်းပဲ မူလွန်အဆင့်ကို ဖြုတ်ပေးသင့်ပါတယ်။ ဒါမှသာလျှင် ပြည်သူတွေရဲ့ ပညာရေးရဲ့ လိုလားချက်အပေါ်မှာ လိုအပ်ချက်အပေါ်မှာ ထမ်းဆောင်နေရတဲ့ ဝန်ထုပ်ဝန်ပိုးတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။ မူလတန်းခန့်ထားရေး၊ ပြောင်းရွှေ့ရေးမှာလည်း တကယ်တမ်း ဆရာ ဆရာမတွေမို့လို့ အနီးစပ်ဆုံးဖြစ်တဲ့ မြို့နယ်အဆင့်ပညာရေးမှူးနဲ့ ခရိုင်ပညာရေးမှူးတို့ကို တာဝန် ပေးစေချင်ပါတယ်။ အလယ်တန်းအဆင့်ကိုတော့ တိုင်းအဆင့်က ခန့်ထားပြောင်းရွှေ့ပြီးတော့ အထက်တန်းအဆင့် ပြောင်းရွှေ့ရေး၊ ခန့်ထားရေးကိုတော့ တိုင်းဒေသကြီးနဲ့ပြည်ထောင်စုအဆင့်က ဆောင်ရွက်ပေးမယ် ဆိုရင် အခြေခံပညာရေးစနစ်က ပိုမိုလျင်မြန်သွက်လက်ပြီးတော့ ထိရောက်လာမှာ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်းပဲ ကျွန်တော် တို့ ပုဒ်မ ၂၈ ပုဒ်မခွဲ(ဃ)မှာ အခမဲ့မသင်မနေရ မူလတန်းစနစ် သင်ယူရမယ်ဆိုတာ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ခုနက ပြောခဲ့တဲ့ မူလွန်တို့ တွဲကျောင်းတို့ဆိုတာကိုတော့ ဒါတွေ ဖြုတ်ပစ်မှသာလျှင် ဒါ အခမဲ့စနစ်ဟာ ပီပီပြင်ပြင် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ပြီးတော့ အခြေခံပညာရေးနဲ့ပတ်သက်ပြီးတော့ အခြေခံဥပဒေမှာ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း ပုဒ်မ ၉၈ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေစာရင်းများတွင် ဖော်ပြ မထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စု လွှတ်တော်သို့ အပ်နှင်းသည်လို့ ဖော်ပြထားပါတယ်။ အဲ့ဒီတော့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအဖွဲ့ ၃ ဖွဲ့ ရဲ့ ဥပဒေပြုစာရင်းမှာဖော်ပြမထားတဲ့ အခြေခံပညာရေးဆိုင်ရာဥပဒေကို ဒါပြည်ထောင်စုလွှတ်တော် ကသာ ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်မေးခွန်းကို သက်ဆိုင်ရာဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုတာက သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အခြေခံပညာရေးဥပဒေကို ခေတ်နှင့် လျော်ညီစွာ ဥပဒေရေးဆွဲပြီးတော့ ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိဆိုတာကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးမြင့်( ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်မှ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ပထမဦးဆုံး ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီမေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒီအစိုးရအဖွဲ့မှတစ်ဆင့် ပေးပို့လာတဲ့ ဒီမေးမြန်းချက်ကို အခြေခံပြီးတော့ ဖြေကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော့်မေးမြန်းချက်ကို မဖြေကြားခင် ကျွန်တော်တို့ဒီအခမဲ့မသင်မနေရ မူလတန်းပညာရေးနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်ကစပြီးတော့ အခမဲ့မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ကြိုးပမ်းခဲ့သလိုပဲ ကျွန်တော်တို့အထောက်အကူပြုဖို့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခမဲ့ကျွန်တော်တို့ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် ကျောင်းသားတစ်ဦးလျှင် ကျွန်တော်တို့ ၆ အုပ်ပံ့ပိုးခဲ့ပါတယ်။ယခုစာသင်နှစ်ကစပြီးတော့ ဒီပြဋ္ဌာန်းစာအုပ်အခမဲ့ဖြန့်ဝေခြင်းအပြင် ဗလာစာအုပ် ၁၂ အုပ်ပါ ကျွန်တော်တို့ကဖြန့်ဝေသွားဖို့ အစီအစဉ်ရှိပါတယ်။အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ မူလတန်းအခမဲ့ပညာရေးစနစ်အကောင်အထည်ဖော်မှုမှာ အထောက်အကူပြုမယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဥပဒေကြမ်းကို ၁၂-၇-၂၀၁၂ ခုနှစ်မှာကျင်းပတဲ့ပြည်သူ့လွှတ်တော်အစည်းအဝေးမှာပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အပေါ် ကျွန်တော်တို့ ၂၈-၈-၂၀၁၂ ခုနှစ်မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးကပြင်ဆင်ချက်များဖြင့် အတည်ပြု သဘောတူပြီးဖြစ်ပါတယ်။ အခြေခံပညာရေးဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကို ကျွန်တော်တို့တင်ပြထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**လုပ်သက် ၂၀ နှစ်အထက်ရှိ အခြေခံပညာအလယ်တန်းပြနှင့် အထက်တန်းပြဆရာဆရာမများကို ရာထူးတိုးမြှင့်ခံစားခွင့်ရှိ၊ မရှိနှင့် သတ်မှတ်လုပ်သက်ရမှတ်ရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်များကို ရာထူးတိုးမြှင့်ခံစားခွင့်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဝမ်းတွင်းဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူလတန်းပြလုပ်သက် ၂၀ နှစ်နဲ့ ၂၀ နှစ်အထက်ရရှိတဲ့ အခြေခံပညာကျောင်းများမှ မူလတန်းပြဆရာဆရာမများကို အလယ်တန်းပြပညာရှင်အဆင့်(၂)သို့ ရာထူးတိုးလစာ ချီးမြှင့်ခံစားစေကြောင်း ဝမ်းမြောက်စွာ လေ့လာသိရှိရပါတယ်။ ၎င်းနည်းတူ အခြေခံပညာကျောင်းများရှိ လုပ်သက် ၂၀ နဲ့ ၂၀ နှစ်အထက်ရှိတဲ့ အလယ်တန်းပြဆရာဆရာမများနဲ့ အထက်တန်းပြဆရာဆရာမများကို မူလတန်းပြဆရာဆရာမများကဲ့သို့ တိုးမြှင့်ခံစားခွင့်ရရှိလိုပါတယ်။ ဒါ့အပြင် လုပ်သက်ရမှတ် ၇၉.၇၄ အမှားပြင် လုပ်သက်ရမှတ် ၇၄ နှင့် အထက်ရရှိတဲ့ အခြေခံပညာမူတန်းကျောင်းအုပ်ကြီးများကိုလည်း ပညာရှင်အဆင့်(၃)လစာသို့ တိုးမြှင့်ခံစားခွင့်ပြုလိုက်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ၎င်းနည်းတူ သတ်မှတ်လုပ်သက်ရမှတ်ရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်းအုပ်ကြီးများနဲ့ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများကိုလည်း မူလတန်းကျောင်းအုပ်ကြီးများကဲ့သို့ တိုးမြှင့်ခံစားခွင့်ရရှိလိုပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ မေးခွန်း(၁) လုပ်သက် ၂၀ နှုန်းနဲ့ ၂၀ နှစ်အထက်ရှိ အခြေခံပညာအလယ်တန်းပြဆရာဆရာမများနဲ့ အထက်တန်းပြ ဆရာဆရာများကို လုပ်သက် ၂၀ နှစ်နဲ့ ၂၀ နှစ်အထက်ရှိ မူလတန်းပြ ဆရာဆရာမများ နည်းတူ ရာထူးတိုးမြှင့်၍ လစာတိုးမြှင့်ခံစားခွင့် ရှိ၊ မရှိနဲ့ ရှိပါက မည်သည့်နှစ်တွင် ခံစားခွင့်ပြုမည်ကို သိရှိလိုပါတယ်။ မေးခွန်း(၂) လုပ်သက်ရမှတ် ၇၄ နှစ်အထက်ရရှိတဲ့ အခြေခံပညာကျောင်းအုပ်ကြီးများ နည်းတူသတ်မှတ်လုပ်သက်ရရှိတဲ့ အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများကိုလည်း တိုးမြှင့်ခံစားခွင့် ရှိ၊ မရှိ သိလိုပါတယ်။ မည်သည့်နှစ်တွင်ခံစားခွင့်ပြုမည်ကိုလည်း သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမျိုးမြင့်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးမြန်းချက်နဲ့ စပ်လျဉ်းပြီးတော့ ပညာရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မေးမြန်းချက်(၁)နဲ့ ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အသက် ၅၉ နှစ်ပြည့်ပြီး အလယ်တန်းပြလုပ်သက် အနည်းဆုံး ၂ နှစ်ရှိပြီးသော အလယ်တန်းပြဆရာဆရာမ လစာနှုန်းကျပ်(၅၃၀၀၀-၁၀၀၀-၅၈၀၀၀) ၁၃၃၆ ဦးကို အထက်တန်းပြလစာ လစာနှုန်း (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)သို့ တိုးမြင့်ခံစားခွင့်ပြုပြီး ဖြစ်ပါတယ်။ အထက်တန်းပြအဆင့်မှ တစ်ဆင့်မြင့်ရာထူးမှာ အရာထမ်းပြန်တမ်းဝင်အရာရှိရာထူး လစာနှုန်းကျပ် (၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀)အဆင့်ဖြစ်သဖြင့် အထက်တန်းပြလုပ်သက် ၇ နှစ်ရှိပြီးသူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလယ်တန်းကျောင်းအုပ်ရာထူးတိုးမြှင့်နိုင်ရန်အတွက် စာမေးပွဲ နှုတ်ဖြေ၊ ရေးဖြေအောင်မြင်မှသာ လုပ်သက်ရမှတ်နှင့် စာမေးပွဲရမှတ်ပေါင်း တန်းစီဇယားနှင့်အညီ ဆန္ဒပြုဒေသကိုက်ညီမှုအပေါ်မူတည်၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်မှာ ဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ရာတွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ လုပ်ထုံးလုပ်နည်းနဲ့အညီ ညှိနှိုင်းတင်ပြဆောင်ရွက်ပြီးမှသာ ရာထူးတိုးမြှင့်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီးတော့ အခြေခံပညာအလယ်တန်းကျောင်းအုပ်ရာထူးနှင့် အထက်တန်းကျောင်းအုပ်ရာထူးများသည် အရာထမ်းလစာ လစာနှုန်းကျပ်(၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀) ခံစားခွင့်ရရှိပြီးသူများ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ လုပ်သက်ရမှတ်အများအနည်းနဲ့ ဆန္ဒပြုဒေသအပေါ်မူတည်၍ အခြေခံပညာအလယ်တန်းကျောင်းအုပ်မှ အခြေခံပညာအထက်တန်းကျောင်းအုပ်အဆင့်သို့ လစာနှုန်းတူရာထူး တိုးမြှင့်ပေးခြင်း၊ အခြေခံပညာအထက်တန်းကျောင်းအုပ်မှ မြို့နယ်ပညာရေးမှူး သို့မဟုတ် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်းကျပ်(၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူးသို့ လစာရာထူးတိုးမြှင့် ခံစားခွင့်ပြုခြင်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျွန်တော် ဖြည့်စွက်တင်ပြလိုတာကတော့ မည်သည့်ကာလမှာ တိုးမြှင့်မယ်ဆိုတာကတော့ ကျွန်တော်တို့ လက်ရှိ

တန်းစီဇယားနဲ့ ဆောင်ရွက်လျက်ရှိပြီးတော့ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်းမှာ စီမံခန့်ခွဲမှု သင်ကြားရေးထိခိုက်မှုမရှိစေရန် ဆောင်ရွက်မှာဖြစ်ပြီးတော့ ကျောင်းဖွင့်အမီ ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုမဟာဓာတ်အားလိုင်းမှတစ်ဆင့် သွယ်တန်းဆောင်ရွက်နေသော မဟာဓာတ်အားလိုင်းများ၏ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းကတော့ ဒီနေ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို နိုင်ငံတော်က စေတနာနဲ့ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ဖို့အတွက် ပြည်ထောင်စုမဟာဓာတ်အားလိုင်းကတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ပေးနေတာကို ကျွန်တော်တို့ ရခိုင်ပြည်နယ် ပြည်သူများက ပြည်ထောင်စုအစိုးရအဖွဲ့ကို အထူးကျေးဇူးတင်နေပါတယ်။ မင်းဘူး-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်-ပုဏ္ဏားကျွန်း-စစ်တွေ မဟာဓာတ်အားလိုင်း၊ ဥသျှစ်ပင်-တောင်ကုတ်-မအီ-ရမ်းဗြဲ-ကျောက်ဖြူ မဟာဓာတ်အားလိုင်း၊ တောင်ကုတ်-သံတွဲ-ဂွ ဓာတ်အားလိုင်းပြီးတော့ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းတွေ အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ဘဏ္ဍာငွေလျာထားသတ်မှတ်ထားတာကို တွေ့ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ခွင့်ပြုပေးပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကျွန်တော်တို့ ခွင့်ပြုရန်ပုံတွေကို ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပေးတော့မှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို စတင်ခဲ့တာ ဒီနေ့ဆိုရင် တစ်နှစ်ရှိတော့မှာဖြစ်ပါတယ်။ ဒီတစ်နှစ်အတွင်းမှာ ဒီစီမံကိန်းတွေမှာ မည်သည့်လုပ်ငန်းတွေကို ဆောင်ရွက်ပြီးစီးခဲ့ပြီးတော့ မည်သည့် လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ကျန်နေသေးလဲ။ ဒါတွေကို ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းက မိဘပြည်သူတွေက သိချင်နေကြပါတယ်။ ပြီးတော့ ဘယ်တော့ပြီးမှာလဲ။ ဒါကိုသိချင်နေကြပါတယ်။ ဒါနဲ့ကြောင့် ကျွန်တော်အောက်ပါမေးခွန်းတွေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ (က) ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုမဟာဓာတ်အားလိုင်းမှတစ်ဆင့် သွယ်တန်းဆောင်ရွက်နေသော မဟာဓာတ်အားလိုင်းများ၏ စီမံကိန်းလုပ်ငန်းစတင်ချိန်မှ ယနေ့အထိ လုပ်ငန်း

များ မည်မျှဆောင်ရွက်ပြီးပါမည်နည်း။ ဆက်လက်လုပ်ဆောင်ရန် မည်သည့်လုပ်ငန်းများ ကျန်ရှိနေသေးသနည်း။ (ခ) မည်သည့်အချိန်တွင် လုပ်ငန်းများအားလုံးပြီးစီး၍ ရခိုင်တစ်ပြည်နယ်လုံး မြို့ပေါ်၊ ကျေးလက်ဒေသပါမကျန် လျှပ်စစ်မီး ၂၄ နာရီ သုံးစွဲခွင့်ရရှိပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၏ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင်းမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းများနဲ့ ဓာတ်အားရယူနိုင်ရန် အိန္ဒိယနိုင်ငံချေးငွေ ဒေါ်လာ ၆၄.၀၇ သန်းဖြင့် အောက်ဖော်ပြပါ စီမံကိန်းများကို လိုအပ်တဲ့ပစ္စည်းများဝယ်ယူရေးအတွက် အိန္ဒိယနိုင်ငံ Power Grid Corporation of India Limited (PGCIL) ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။ (က) ၂၃၀ ကေဗွီ မင်းဘူး-မန်း-အမ်း ဓာတ်အားလိုင်း ၈၀ မိုင်နှင့် ဓာတ်အားခွဲရုံများစီမံကိန်း၊ (ခ) ၂၃၀ ကေဗွီ တောင်ကုတ်-မအီ-အမ်း ဓာတ်အားလိုင်း ၇၀ မိုင်နှင့် ဓာတ်အားခွဲရုံများစီမံကိန်း၊ (ဂ) ၂၃၀ ကေဗွီ ဥသျှစ်ပင်-တောင်ကုတ် ဓာတ်အားလိုင်း ၆၉ မိုင်နှင့် ဓာတ်အားခွဲရုံများ စီမံကိန်း၊ (ဃ) ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း ၄၂ မိုင်နှင့် ဓာတ်အားခွဲရုံများ စီမံကိန်း၊ (င) ၂၃၀ ကေဗွီ သူငွေးချောင်း-ဥသျှစ်ပင်-တောင်ကုတ် ဓာတ်အားလိုင်း ၇ မိုင်နှင့် ဓာတ်အားခွဲရုံများ စီမံကိန်း။ အထက်ပါ စီမံကိန်းများနှင့် ဓာတ်အားခွဲရုံလုပ်ငန်းများကို ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ လိုင်းအူကြောင်းတိုင်းတာခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး ဓာတ်အားလိုင်းများအတွက် တိုင်နေရာမြေယာရှင်းလင်းခြင်း၊ ကျောက်သဲများပို့ခြင်း၊ မြေကျင်းတူးခြင်းစသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ PGCIL ကုမ္ပဏီမှ တာဝါဖောင်ဒေးရှင်း သံချောင်းများရောက်ရှိနေပြီးဖြစ်လို့ ဖောင်ဒေးရှင်းလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားခွဲရုံ လုပ်ငန်းများအတွက် တောင်ကုတ်ခွဲရုံ၊ အမ်းခွဲရုံနှင့်

ပုဏ္ဏားကျွန်းခွဲရုံများမှာ မြေနေရာရှင်းလင်းပြီး ခြံစည်းရိုးကာရံခြင်း၊ ဓာတ်အားခွဲရုံဆိုင်ရာ မြို့ပြ အဆောက်အဦလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၈-၃-၂၀၁၃ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ (က)၂၃၀ ကေဗွီ ဥသျှစ်ပင်- တောင်ကုတ်ဓာတ်အားလိုင်း ၁၅ ရာခိုင်နှုန်း၊ (ခ) ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း ၁၅ ရာခိုင်နှုန်း၊ (ဂ) ၂၃၀/၃၃ ကေဗွီ၊ အမ်းခွဲရုံ ၃၉.၇၅ ရာခိုင်နှုန်း၊ (ဃ) ၂၃၀/၆၆ ကေဗွီ ပုဏ္ဏားကျွန်းခွဲရုံ ၃၅.၄၆ ရာခိုင်နှုန်း၊ (င) ၂၃၀/၆၆ ကေဗွီ တောင်ကုတ်ဓာတ်အားခွဲရုံ ၁၆ ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။

ဒါ့အပြင် ရရှိတဲ့ ချေးငွေပမာဏနှင့် လုံလောက်မှုမရှိတဲ့အတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် စီမံကိန်းများမှာတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ (က) ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ၁၁၅.၇၃ မိုင်စီမံကိန်း၊ (ခ) ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူ နှစ်ထပ်ဓာတ်အားလိုင်း ၆၀.၆ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ (ဂ) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ်အားလိုင်း ၃၅.၇၁ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ (ဃ) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- မြောက်ဦးဓာတ်အားလိုင်း ၃၅.၃၇ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ (င) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ဓာတ်အား ခွဲရုံစီမံကိန်း၊ (စ) ၆၆ ကေဗွီ တောင်ကုတ်-သံတွဲ ဓာတ်အားလိုင်း ၃၀ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းတို့ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရယူနိုင်ရန်အတွက် အိန္ဒိယ နိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက် မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ပြိုင်နက် တည်ဆောက်ပြီးစီးရန် လျာထားပါတယ်။ ဒါ့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မူလခွင့်ပြု ရန်ပုံငွေ ကန့်သတ်ချက်အရ ချန်လှပ်ခဲ့ရ၍ အောက်ဖော်ပြပါ ဓာတ်အားလိုင်းစီမံကိန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံရန်လည်း လျာထားပြီးဖြစ်ပါတယ်။ (က) ၆၆ ကေဗွီ ကျောက်ဖြူ-ရမ်းဗြဲဓာတ်အားလိုင်း ၄၁ မိုင်နှင့်ဓာတ်အားခွဲရုံစီမံကိန်း၊ (ခ) ၆၆ ကေဗွီ တောင်ကုတ် ၂၃၀ ကေဗွီခွဲရုံမှ တောင်ကုတ်မြို့သို့ ဓာတ်အားလိုင်း ၉ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ (ဂ) ၆၆ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း ၄၆.၇၈ မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းတို့ဖြစ်ပါ တယ်။

အထက်ပါဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများတည်ဆောက်ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းမှာရှိသော တောင်ကုတ်၊ သံတွဲ၊ အမ်း၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မအီ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေမြို့များနှင့်ဆက်စပ်သည့် မြို့ကျေးရွာဒေသများသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်မည့် ၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း မိုင် ၂၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ၆၆ ကေဗွီ ကျိန္တလီ-ဂွ ဓာတ်အားလိုင်း ၄၄ မိုင်နှင့်ဓာတ်အားခွဲရုံစီမံကိန်းများကို ဆောင်ရွက်ပြီးတော့မှ ကျိန္တလီ၊ ဂွ နှင့် မင်းပြားမြို့များကိုလည်း ဆက်စပ်ကျေးရွာဒေသများ အပါအဝင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရာတွင် မည်သည့် Accounting Procedure များကို သုံးစွဲလျက်ရှိသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ကျွန်တော်ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာမှပဏာမဂါရဝပြုပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ပြုစုနေတဲ့အချိန်ကာလဖြစ်ပါတယ်။ ဒီအချိန်ကာလမှာ ဦးစီးဌာနများနှင့် စီးပွားရေးအဖွဲ့အစည်းများရဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတချို့ကို သိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းတင်ပြလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ရသုံးခန့်မှန်းခြေငွေစာရင်းတင်ပြတဲ့နေရာမှာ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဆိုပြီးတော့ နှစ်မျိုးခွဲခြားပြီး တင်ပြကြပါတယ်။ ဒီနေရာမှာဦးစီးဌာနများရဲ့ ငွေစာရင်းပုံစံနဲ့ စီးပွားရေးအဖွဲ့အစည်းများရဲ့

ငွေစာရင်းပုံစံများမတူညီကြပါဘူး။ ဥပမာတင်ပြရင် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှာရှိတဲ့ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနဆိုတာ ရေအားလျှပ်စစ်စီမံကိန်းများကို ပြုလုပ်ပေးတဲ့ ဌာနဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ငွေကိုသုံးစွဲတဲ့ ဦးစီးဌာနဖြစ်တဲ့အတွက်ကြောင့် သူဟာငွေစာရင်းကို ဌစပုံစံများဖြင့်ကျင့်သုံးပါတယ်။ သို့ရာတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဆိုတဲ့ Enterprise ဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်မှာရှိပေမယ့် Corporation ငွေစာရင်းပုံစံနဲ့ သုံးစွဲပါတယ်။ အဲ့ဒီတော့ ယခင်က လျှပ်စစ်ဝန်ကြီးဌာနဆိုတာ မပေါ်ပေါက်ခင်က Electric Power Corporation (EPC) အနေနဲ့ ရပ်တည်တုန်းကတော့ ကိုယ့်ဝင်ငွေနဲ့ ကိုယ်ရပ်တည်တဲ့အတွက်ကြောင့် ငွေစာရင်းပုံစံက တစ်ခုတည်းပြုလုပ်တယ်။ အဲ့ဒီဌာနက ပြုလုပ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းဖြစ်ဖြစ်၊ သဘာဝ ဓာတ်ငွေ့သုံးစီမံကိန်းဖြစ်ဖြစ်၊ သူမှာသတ်မှတ်ထားတဲ့ပုံစံနဲ့ Fixed Assets Register များ သွတ်သွင်းခြင်း၊ Depercation လို့ခေါ်တဲ့ တန်ဖိုးလျော့ခြင်းများကိုစနစ်တကျ ပြုလုပ်လာကြပါတယ်။ ဝန်ကြီးဌာနဖြစ်လာတဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုအောက်မှာပင် ဦးစီးဌာနနှင့် လုပ်ငန်းဆိုပြီး နှစ်ခုကွဲသွားပါတယ်။ ဦးစီးဌာနက Capital Buget ငွေအရင်းအနှီးအမြောက်အမြားနဲ့ လုပ်ငန်း တွေကို အကောင်အထည်ဖော်ပေးတယ်။ ပြီးတာနဲ့ လုပ်ငန်းကိုလွှဲပေးပါတယ်။ အဲ့ဒီလိုလွှဲပေးတဲ့ နေရာမှာ စနစ်ကျသော Accounting Procedure မလုပ်ခဲ့ရင် အရှုံးအမြတ်စာရင်းများဟာလည်း မမှန်ကန်နိုင်ပါဘူး။ ကျွန်တော်တစ်ဆက်တစ်စပ်တည်း တင်ပြချင်တာက ဆည်မြောင်းဦးစီးဌာန ကြီးအုံကြီးဝဆိုတဲ့ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၂-၂၀၀၃ ကနေ ၂၀၁၁-၂၀၁၂ အထိ ၁၀ နှစ်နီးပါး လုပ်ကိုင်ခဲ့ပါတယ်။ လုပ်ကိုင်ပြီးတော့ တာဘိုင်ဂျင်နရေတာများ တပ်ဆင်တဲ့အပိုင်းကျရောက်တဲ့အခါ လျှပ်စစ်ဝန်ကြီးဌာနက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက ဝန်ထမ်းတွေကို လုပ်ကိုင် စေပြီးတော့ ဒီစက်ရုံကြီးကို လျှပ်စစ်ဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက မောင်းနှင်လျက်ရှိပါတယ်။ အဲ့ဒီတော့ ကြီးအုံကြီးဝရေအားလျှပ်စစ်စက်ရုံဟာ တစ်နှစ်ကို ကီလိုဝပ်နာရီ သန်းပေါင်း ၃၆၀ ထွက်တဲ့အတွက်ကြောင့် သူဟာ တစ်ယူနစ် ၂၀ နဲ့တွက်ရင် ဘီလီယံကျပ်သန်းပေါင်း ၇၄၀၀ ဝင်ငွေရှိမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီဝင်ငွေကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းက မောင်းနေတဲ့အတွက်ကြောင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှသာ ရရှိတာဖြစ်ပါ တယ်။ အဲ့ဒီတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဟာ ဝင်ငွေ ကျပ်သန်းပေါင်း ၁၄၁၁၈၀ ဝင်ငွေရှိပါတယ်။ နောက်သူသုံးစွဲတဲ့ငွေက ၃၈၆၉၄.၈၇၉ ရှိတဲ့အတွက် ကြောင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဟာ ပိုငွေ ၁၀၂၄၈၅.၁၂၁ သူ့မှာ အမြတ်ငွေ

သဘောမျိုးပေါ်နေပါတယ်။ ဒါပေမယ့် ဆည်မြောင်းဦးစီးဌာနမှ ကြီးအုံကြီးဝဆိုတဲ့ စီမံကိန်းကြီးကို ၁၀ နှစ်လောက်လုပ်ငန်းကြီးနဲ့ ရင်းပေးရပေမယ့် ၂၀၁၃-၂၀၁၄ မှာ ဆည်မြောင်းဦးစီးဌာနရဲ့ ဝင်ငွေသည် ၅၃၁.၆၃၆ သာရှိပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် ၁၀၂ ဘီလီယံတကယ်သုံးမြတ်တာပါ။ သူရင်းနှီးရတဲ့ငွေတွေကို ထည့်သွင်းဖို့မစဉ်းစားလို့ ဒီမျှပိုငွေဖြစ်ပေါ်ခြင်းဖြစ်ပါတယ်။ အလားတူ ဆည်မြောင်းဦးစီးဌာနသည် ကြီးအုံကြီးဝရေအားလျှပ်စစ် စီမံကိန်းကြီးကို ဘီလီယံနှင့်ချီပြီး ရင်းနှီးလုပ်ကိုင်ပေမယ့် သူဟာ ဒီလုပ်ငန်းကို မောင်းနေတဲ့ အတွက်ကြောင့် ဝင်ငွေမရရှိပါဘူး။ အကယ်၍ သူကိုယ်တိုင်မောင်းခဲ့လို့ရှိရင် တစ်နှစ်မှာ ကျပ်သန်းပေါင်း ၇၄၀၀၊ ၇.၄ ဘီလီယံလောက် ဝင်ငွေသင့်ပါတယ်။ ယခုကဲ့သို့ဆွေးနွေးရခြင်းဟာ ဒီနေ့ Market Economy ဆိုတဲ့ စနစ်ကို သွားနေတယ်။ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ပုံစံတွေလည်းပြောင်းနေတယ်။ အဲ့ဒီအဖွဲ့အစည်းတွေကလည်း စီးပွားရေးပုံစံနဲ့ ရှေ့ကိုချီတက်မယ်ဆိုတဲ့လုပ်နေတဲ့ အချိန်အခါသမယမှာ Accounting Procedure တွေကို မှန်မှန်ကန်ကန်မရေးဆွဲနိုင်ခဲ့ရင် အမြတ်၊ အရှုံးမပီပြင်တဲ့ အတွက်ကြောင့် ဓာတ်အားခနှုန်းထား စဉ်းစားတဲ့အခါမှာလည်း မမှန်ကန်သလို နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တွက်ချက်တဲ့နေရာမှာလည်း မမှန်မကန်များဖြစ်နိုင်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းမှာ ဦးစီးဌာနများမှ ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ လုပ်ငန်းကြီးများကို အကောင်အထည်ဖော်ပြီးတော့ မောင်းနှင်မယ့်ဌာနများကို လွှဲပြောင်းပြီးတဲ့ အခါ မည်ကဲ့သို့သော Accounting Procedure များဖြင့် ဆောင်ရွက်လျက်ရှိပါသလဲဆိုသော မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်တောင်းမေတ္တာပို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနရဲ့ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေး နည်းလမ်းညွှန်ကြားချက်များနှင့်အညီ တည်ဆောက်ရေးနှင့်ဌာနခွဲများမှ ပေးပို့လာသော စာရင်းများကို ပေါင်းချုပ်၍ အပိုင်း ၅ ပိုင်းပါရှိသည့် ပုံစံ (စရ-၁)ဖြင့်

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ လစဉ်ပေးပို့ရပါတယ်။ ပေးပို့ရာတွင် ပုံစံ(စရ-၁) အပိုင်း ၂ တွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ၊ ဖြည့်စွက်လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းသစ်များ စသည်ဖြင့် ခွဲခြားပေးပို့ဖော်ပြခဲ့ပါတယ်။ သက်ဆိုင်ရာ တည်ဆောက်ရေးများမှ တာဝန်ယူဆောင်ရွက် လျက်ရှိသည့် စီမံကိန်းများပြီးစီးပါက စီမံကိန်းအသုံးစရိတ်မှန်ကန်ရေးအတွက် ဌာနခွဲ အသုံးစရိတ်များ နှင့် ပစ္စည်းရရှိ၊ လွှဲပြောင်း၊ ချေငှားများကို စာရင်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ (Completion Report) ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ မှတ်တမ်းတင် အတည်ပြုချက်ရယူပြီးမှသာ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာနမှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ် သည့် လုပ်ငန်းစဉ်အဆင့်များအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ရေလှောင်တမံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အချို့စီမံကိန်းများ၌ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက် ခြင်းများ ပါဝင်ခဲ့ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများတည်ဆောက်ပြီးစီးပါက ယင်းဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်အဆောက်အအုံတို့ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသို့ လုပ်ငန်းအနေဖြင့်သာ လွှဲပြောင်းပေးအပ်သည့် လုပ်ငန်း စဉ်အဆင့်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသို့ လွှဲပြောင်းခြင်းနှင့်ပတ်သက်၍ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆည်မြောင်း ဦးစီးဌာနတို့သည် အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ အတိုင်းဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ဖြစ်သော ၉-၁၁-၂၀၁၂ ရက်နေ့တွင် အတည်ပြုဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများကို အမျိုးသားလွှတ်တော်က ၁၄-၃-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ၁၈-၃-၂၀၁၃ ရက်နေ့တွင် ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေခဲ့ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ရှိပါက ပြင်ဆင်လိုကြောင်းတင်ပြလို့ရပါတယ်။ အခုလို ရှင်းလင်းတင်ပြခြင်းဟာ ဒီရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်မှုကို အချိန်မီမဆောင်ရွက်နိုင်ပါက ဆက်လက်ဆောင်ရွက်မယ့်ကိစ္စများ အခက်အခဲရှိနိုင်ပါတယ်။ အဲဒီနည်းတူပဲ ဆက်လက်ဆောင်ရွက်မယ့် ဘဏ္ဍာဥပဒေများဟာလည်း ဒီတစ်ပတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ ဆောင်ရွက်နိုင်ခြင်းမရှိဘူးဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်မှအရေးကြီးတဲ့ ဘဏ္ဍာဥပဒေဖြစ်ပေါ်လာခဲ့ခြင်းမရှိဘူးဆိုရင် ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စများ များစွာအခက်အခဲရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁၀ ချက်အနက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက် ၆ ချက်ကို သဘောတူခဲ့ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၄ ချက်ကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်

မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၄ ချက်ကို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်များဖြင့် ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၁ အခန်း(၂) နည်းဥပဒေ ၃(ခ)နှင့် ၃(ဂ)၊ စာမျက်နှာ ၁ အမှတ်စဉ် ၂ အခန်း(၂) နည်းဥပဒေ ၆၊ စာမျက်နှာ ၂ အမှတ်စဉ် ၃ အခန်း(၄) နည်းဥပဒေ ၂၉၊ စာမျက်နှာ ၃ အမှတ်စဉ် ၄ အခန်း(၄) နည်းဥပဒေ ၃၀၊ စာမျက်နှာ ၃ အမှတ်စဉ် ၅ အခန်း(၁၁) နည်းဥပဒေ ၄၅ သို့ပါ၍ အထက်ဖော်ပြပါ ပြင်ဆင်ချက် ၅ ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈(ဃ) အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရှုပ်ထွေးမှာစိုးတဲ့အတွက် တစ်ပိုဒ်ချင်းကိုပဲဆောင်ရွက်သွားပါမယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်းလို့ ဖော်ပြထားတဲ့အတွက် အမှတ်စဉ် ၁ အခန်း(၂) နည်းဥပဒေ ၃ ကို ဖတ်ကြားရှင်းလင်းတင်ပြဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁ အခန်း(၂) နည်းဥပဒေ ၃ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် (ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသော အများကြည်ညိုလေးစားပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ ၅ ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်စုစီအတွက် အများဆန္ဒနှင့်အညီ

ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။ အပိုဒ်ခွဲ (ဂ) အဆိုပါကြီးကြပ်ရေး အဖွဲ့ဝင် ၅ ဦးအနက်မှ အဖွဲ့ခေါင်းဆောင် တစ်ဦးကို အချင်းချင်းညှိနှိုင်းရွေးချယ်သတ်မှတ်ရမည်ဟု အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရကသဘောတူပါသလားခင်ဗျား။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂ ကို ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂ အခန်း(၂) နည်းဥပဒေ ၆ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်မှာ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်စုကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန် ဆယ်အိမ်စုတစ်စုတွင် နေထိုင်သော သက်ဆိုင်ရာ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီအား စုစည်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအတွက် ဥပဒေပုဒ်မ ၅ တွင် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်းပြောကြားရမည်။ ယင်းအိမ်ထောင်ဦးစီးနှင့် အိမ်ထောင်စုကိုယ်စားလှယ်များက မိမိတို့ ဆယ်အိမ်စုအတွင်း၌ နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်အဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ထိုသို့ရွေးချယ်ရာတွင် ဆန္ဒမဲအရေအတွက်တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှုပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ကြီးကြပ်ရေးအဖွဲ့သည် ရရှိသော မဲအရေအတွက်ကို မည်သူမျှ ဝင်ရောက် ညှိနှိုင်းဆောင်ရွက်ခွင့်မပြုဘဲ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို ထပ်မံပြုလုပ်ရမည်ဟု အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃ အခန်း (၄) နည်းဥပဒေ ၂၉ မူလပြဋ္ဌာန်းချက်ဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၂၈ အရ တင်ပြသော အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တွေကို စိစစ်ပြီး ငြင်းပယ်ရန်အကြောင်းမရှိပါက အတည်ပြု၍ ယင်းအတည်ပြုချက်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ပြန်လည်ပေးပို့ရမည်ဆိုသည့် မူလပြဋ္ဌာန်းချက်အား အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားခြင်းကို လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄ အခန်း (၄) နည်းဥပဒေ ၃၀ မူလပြဋ္ဌာန်းချက်ဖြစ်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးက အတည်ပြုပြီးသော ဆယ်အိမ်စုမှူးများကို ခန့်ထား၍ လိုအပ်သလို တာဝန်ပေးအပ်ခြင်းနှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်းပြုရမည်။ ယင်းဆောင်ရွက်ချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်ဆိုသော ပြဋ္ဌာန်းချက်အား အမျိုးသားလွှတ်တော်မှ ပယ်ဖျက်ခဲ့ခြင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အမှတ်စဉ် ၅ အခန်း (၁၁) နည်းဥပဒေ ၄၅ ဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြစ်သော ဤနည်းဥပဒေအတည်မပြုမီ ရွေးချယ်ခန့်အပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား တာဝန်မှရပ်စဲ၍ ဤနည်းဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ခန့်အပ်ရမည်ဟု ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အား အမျိုးသားလွှတ်တော်မှ ပယ်ဖျက်ထားခြင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်ချက်၊ အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထား

သည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဗဟိုဘဏ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ဖြစ်သော ၂၀-၂-၂၀၁၃ ရက်နေ့တွင် အတည်ပြုဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းဥပဒေများကို အမျိုးသားလွှတ်တော်က၁၅-၃-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ဖြန့်ဝေပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၃၅ ချက်အနက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် ၁၃၁ ချက်ကို သဘောတူခဲ့ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၄ ချက်ကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၄ ချက်ကို တင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာတဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ရန်အတွက် တစ်ပိုဒ်ချင်းစီတင်သွင်းခွင့်ပြုပါခင်ဗျား။ အမှတ်စဉ် ၁ အခန်း (၁) အပိုဒ် ၂ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဏ) သီးသန့်ငွေလိုအပ်ချက် သို့မဟုတ် သီးသန့်ငွေအချိုးဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့်ငွေစုဘဏ်များ၌ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများအပ်နှံထားသည့် စုစုပေါင်းအပ်နှံငွေ၏ အစိတ်အပိုင်းတစ်ရပ်ကို အနည်းဆုံးသီးသန့်ငွေ

လိုအပ်ချက်တစ်ရပ်အဖြစ် ထားရှိရမည့်ဗဟိုဘဏ်၏ သတ်မှတ်ချက်ကိုဆိုသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဆောင်ရွက်ပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂ အခန်း (၂) အပိုဒ် ၇ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ ဗဟိုဘဏ်သည် မိမိ၏အဓိက ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအောင်မြင်စေရန် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာကျင့်သုံးဆောင်ရွက်နိုင်သည်ဟူသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။

**ဦးဥာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ မနက်ကတည်းက ကျွန်တော်ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးစောလှထွန်းထံမှတစ်ဆင့် တင်ပြထားပါတယ်။ နည်းနည်းလေး သုံးသပ်ပေးဖို့ပေါ့ခင်ဗျား။ ကျွန်တော်တို့ အခန်း (၂)၊ အပိုဒ် ၇ ရဲ့ ၅ ကြောင်းမြောက်မှာ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုဆိုသည့်စာသား၊ နောက် လွတ်လပ်စွာဆိုတဲ့စာသားရဲ့ရှေ့မှာ ဥပဒေနှင့်အညီဆိုတဲ့စာသားလေးထည့်ရင် သင့်တော်မယ်လို့ယူဆတဲ့အတွက် အဲ့ဒါကို တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)** ။ ။ဥပဒေရေးထုံးအရ ပြင်ဆင်ချက်ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့က ဒီမှာပြင်ဆင်လိုက်လို့ရှိရင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့အချက်ဖြစ်ပြီးတော့ ပြည်ထောင်စုမှာထပ်တင်ရလို့ရှိရင် အချိန်မီဥပဒေကြမ်းကို မတင်ပြနိုင်မှာစိုးတဲ့အတွက် ကျွန်တော်တို့နှစ်ဖက်ဥပဒေကြမ်းကော်မတီများညှိနှိုင်း၍ လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့တော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယနေ့ အတည်ပြုတဲ့ အစီအစဉ်ကိုတော့ ဒီအတိုင်းအတည်ပြုနိုင်ဖို့တော့ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြအဆိုပြုလိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီကြမ်းကော်မတီရဲ့သဘောအတိုင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဒါ့ကြောင့် ခုနကတင်ပြသွားတာ လှိုင်သာယာမဲဆန္ဒနယ်ထင်ပါတယ်။ မှန်ပါသလား။

**ဦးဥာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)** ။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အဲ့ဒီတင်ပြချက်ကို မှတ်သားထားပြီးတော့ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ဥပဒေရေးထုံးရေးနည်းလည်းညီညွတ်အောင် အချိန်မီဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကဥပဒေစာအုပ်၊ ဥပဒေပြဋ္ဌာန်းချက်တွေဖြစ်ပါတယ်။ သီးခြားဥပဒေအရဆိုတာ ထည့်သွင်းစရာ မလိုအပ်တော့ပါဘူး။ ဒါလောက်ဆိုရင် ပြည့်စုံလုံလောက်ပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ဥပဒေကြမ်းကော်မတီကဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃ အခန်း (၃) အပိုဒ် ၁၃ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်မှာ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးပါက ပေးအပ်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ

ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့ဝင်များသည် နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်မဖြစ်ရ။ ပါတီအဖွဲ့အစည်းများ၏လှုပ်ရှားမှုများ၌လည်း ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကိုအတည်ပြုရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)** ။ ။ ကန့်ကွက်ရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၃ အပိုဒ် ၁၃ မှာပြောထားတာက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်ဆိုပြီးတော့ တကယ်တမ်းကျတော့ အဲ့ဒီစကားလုံးကပိုနေတယ်။ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဆိုတာက အငြိမ်းစားယူခြင်းသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း (Service Regulation) အရ အငြိမ်းစားယူတာ။ သက်ပြည့်တို့ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်စတဲ့ ဘာပင်စင်ပဲဖြစ်ဖြစ် အငြိမ်းစားယူတယ်ဆိုတာ အကုန်လုံးသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့အညီ အငြိမ်းစားယူတယ်ဆိုတာ understood ဖြစ်ပြီးတဲ့အတွက်ကြောင့်မို့လို့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီဆိုတာ ထည့်စရာမလိုဘူးလို့ထင်ပါတယ်။ နောက်တစ်ခုက ဒါရိုက်တာအဖွဲ့ဝင်များသည် နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခု၏အဖွဲ့ဝင်မဖြစ်ရ။ ပါတီအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ၌လည်း ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုတဲ့အခါကျတော့ အစကတည်းကနိုင်ငံရေး ပါတီအဖွဲ့အစည်းတစ်ခုခု၏အဖွဲ့ဝင်မဖြစ်ရဆိုရင် သူအဖွဲ့ဝင်မဟုတ်ဘူးဆိုရင် ဘာမှပါဝင်ဆောင်ရွက်စရာအကြောင်းမရှိတော့ဘူး။ အဲ့ဒါကြောင့်မို့ အောက်ဆုံးအကြောင်းကို ဖျက်လိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားအတိုင်းသဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီက ပြန်လည်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာကတော့ ပြည့်စုံပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ဒီဥပဒေကိုလည်း အတည်ဖြစ်ဖို့ လိုအပ်နေတာဖြစ်တဲ့အတွက် လွှတ်တော်ရဲ့သဘောထားဆန္ဒရယူပြီး တစ်ပါတည်းဆုံးဖြတ်ပေးဖို့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရကိုယ်စားလှယ်ကလည်း အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ပြုချက်အတိုင်း သဘောတူလက်ခံပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း အရေးအသားသာဖြည့်ပြီးတော့ ကျန်တဲ့အဓိပ္ပာယ်သက်ရောက်မှုကအတူတူပဲဖြစ်တဲ့အတွက် ဒီဟာကိုလက်ခံတယ်။ ဒီပေါ်မှာမူတည်ပြီးတော့ ကိုယ်စားလှယ်တစ်ဦးက စာသားတွေ ပြင်ဆင်ဖို့ပြောပါတယ်။ သို့ရာတွင် လွှတ်တော်ရဲ့သဘောထားဆန္ဒရယူပါမယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အား ကန့်ကွက်လိုသူများရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်လိုသူတစ်ယောက်သာရှိ၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမှတ်စဉ် ၄ အခန်း (၄) အပိုဒ် ၁၈ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်မှာ ဗဟိုဘဏ်သည် ဘဏ်များအား ယင်းတို့၏ အပ်ငွေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အလားတူပေးရန်တာဝန်များအတွက် သီးသန့်ငွေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ငွေသားဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်ရှိအပ်ငွေများဖြင့်ဖြစ်စေ ယင်းနှစ်ရပ်ပေါင်းခြင်းဖြစ်စေ၊ တခြားသင့်လျော်ရာတွက်ချက်မှုနည်းလမ်းဖြင့်ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ပေးသည့်အချိုးအစားအတိုင်းထားရှိစေရမည်ဟူသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အားအတည်ပြုပေးနိုင်ရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)** ။ ။ ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၁၄-၃-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် လွှတ်တော်နှစ်ရပ်က သဘောတူတယ်လို့ မှတ်ယူရမှာဖြစ်လို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်တွင်စတင်တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာသော ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၄-၃-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် လွှတ်တော်နှစ်ရပ်က သဘောတူတယ်လို့ မှတ်ယူမှာဖြစ်တဲ့

အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

**သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က မြန်မာနိုင်ငံတစ်ဝန်းတွင်ဖြစ်ပွားနေသော ယာဉ်မတော်တဆမှု၊ ထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိသည့်ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များမရှိသေးပါက လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာထုတ်ပြန်ပေးရေးအတွက် လွှတ်တော်သို့တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုကိုတင်သွင်းဖို့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကာယစိတ္တသုခအဖြာဖြာနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမှာကတော့ မြန်မာနိုင်ငံတစ်ဝန်းတွင်ဖြစ်ပွားနေတဲ့ ယာဉ်မတော်တဆထိခိုက်မှုများ၊ အခြားမတော်တဆဖြစ်ပွားမှုများနှင့် ခိုက်ရန်ဖြစ်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရလူနာများကို အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များမရှိသေးပါက လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာထုတ်ပြန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်ခင်ဗျား။

အချိန်ကုန်သက်သာစေရန်အတွက် ဖတ်ကြားတင်သွင်းခွင့်ပြုရန်လည်း ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်ယခုတင်ပြမယ့်အဆိုနှင့်ပတ်သက်ပြီးတော့မှ အလားတူ ယာဉ်မတော်တဆမှုမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦးကလည်းမေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှချမှတ်ပေးထားတဲ့ ဈေးကွက်စီးပွားရေးစနစ်အရ မော်တော်ယာဉ်မျိုးစုံကို လွတ်လပ်စွာဝယ်ယူတင်သွင်းခွင့်ပြုထားပါတယ်။ အဲ့ဒီလို ဆောင်ရွက်ပေး ထားမှုကြောင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မော်တော်ယာဉ် အစီးရေ သည် ၃ သန်းကျော်အထိရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် မော်တော်ယာဉ် သွားလာမှုလည်း လွန်စွာများပြားလာနေပါတယ်။ မော်တော်ယာဉ်အရေအတွက် တိုးပွားလာခြင်းနှင့်အတူ ယာဉ်မတော် တဆဖြစ်မှုများဟာလည်းပဲ များပြားလာနေပါတယ်။ အထူးသဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ မော်တော်ယာဉ်မတော်တဆမှု မှုခင်းများ မကြာခဏဖြစ်ပွားနေကြောင်း လည်းတွေ့ရှိနေရပါတယ်။ ရန်ကုန်-နေပြည်တော်အမြန်လမ်း ၁၁၅ မိုင်စခန်းမှာ နိုင်ငံခြားမှ ကြက်ခြေနီ အသင်း၊ လူနာတင်ယာဉ်နှင့် ရှေးဦးသူနာပြုစုရေးအဖွဲ့ နောက် ဆက်သွယ်ရေးအတွက် ဖုန်းများထားရှိ ပေးကြောင်းလည်း ယခု ထပ်ဆင့်သတင်းများကြားသိရပါတယ်။ စင်္ကာပူနိုင်ငံကလို့သိရပါတယ်။ သို့သော်လည်းပဲ မတော်တဆဖြစ်မှုများမှာ ဒဏ်ရာရလူနာများကို သွားရောက်ခေါ်ဆောင်ပြီးတော့မှ သက်ဆိုင်ရာရဲစခန်း၊ ဆေးရုံ၊ ဆေးခန်းများသို့ပို့ဆောင်ပေးနေကြောင်းလည်းပဲ အဲ့ဒီကြက်ခြေနီအဖွဲ့မှ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။ သို့သော် ဆက်သွယ်ရမည့်လမ်းကြောင်းနှင့် ဖုန်းနံပါတ်ကို အများပြည်သူတို့ကျယ်ပြန့်စွာမသိရှိသေးတာကြောင့်မို့လို့ ကူညီဆောင်ရွက်ပေးနိုင်မှု အပိုင်းမှာအားနည်းနေကြောင်းလည်းပဲမှတ်သားကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မော်တော်ယာဉ် မတော်တဆဖြစ်မှုများမှာ ထိခိုက်ဒဏ်ရာရရှိတဲ့လူနာများ အများကြီးရှိနေပါတယ်။ အချို့လူနာများသည် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင် ဆေးဝါးကုသမှုမပြုနိုင်ခြင်းကြောင့် မသေဆုံးသင့်ဘဲ သေဆုံးနေရကြောင်းလည်းပဲ ဝမ်းနည်းစွာကြား သိနေရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းနည်းစနစ် ၅ မျိုးအနက်မှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းမှာ အလွန်အရေးကြီးလှပါတယ်။ ယာဉ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများကို အရေးပေါ်ကုသခြင်းနှင့် အချိန်မီဆေးရုံကို ပို့ဆောင်ပေးဖို့အတွက်လည်း လွန်စွာအရေးကြီးလှပါတယ်။ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၁၅၀၀ လောက်ပဲ ရှိတယ်လို့သိရပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ဦးရေလည်း လွန်စွာနည်းပါးနေကြောင်း တင်ပြလိုပါတယ်။ တစ်ဖက်ကလည်း မသေဆုံးသင့်ဘဲ သေဆုံးနေရတဲ့ဖြစ်စဉ်များကို လေ့လာဆန်းစစ် ကြည့်တဲ့အခါမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားနည်းပါးခြင်းနှင့် အခင်းဖြစ်တဲ့နေရာကိုအချိန်မီ

ရောက်ရှိအောင် သွားလာနိုင်ရန်လိုအပ်တဲ့ Facility များလည်း လိုအပ်နေကြောင်းလည်းပဲသိရှိရပါတယ်။ ဒီကိစ္စတွေဟာ ရဲမှုခင်းဖြစ်တဲ့အတွက် တာဝန်ရှိရဲတပ်ဖွဲ့ကိုအကြောင်းကြားပြီး ရဲတပ်ဖွဲ့ရောက်ရှိတဲ့အချိန်ကျမှ အခင်းဖြစ်ပွားရာအနေအထား၊ မှတ်တမ်းတင်လုပ်ဆောင်ရခြင်း၊ လူနာ၏အခင်းဖြစ်အနေအထား မပျက်ယွင်းစေရန်စောင့်ဆိုင်းရခြင်း၊ ထိုသို့မစောင့်ဆိုင်းဘဲ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ခဲ့လို့ရှိရင်လည်းပဲ ဆေးရုံဆေးခန်းများမှ ရဲတပ်ဖွဲ့ရဲ့မှုခင်းဆေးမှတ်ချက်များ မပါရှိသဖြင့် လုပ်ထုံးလုပ်နည်းများအရ ချက်ချင်းကုသမှု မပြုလုပ်နိုင်ခြင်းစတဲ့အကြောင်းအချက်များကြုံတွေ့နေရပြီးတော့မှ ဒဏ်ရာရသူများ၊ လူနာများဟာလည်းပဲဆေး ကုသမှုနောက်ကျတဲ့အတွက် မလိုလားအပ်တဲ့ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းလည်း သိရှိရပါတယ်။ ဖော်ပြပါယာဉ်တိုက်ခိုက်မှုများအပြင် ဒုတိယအများဆုံး မတော်တဆမှုမှာ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပါတယ်။ ၎င်းအပြင် အရက်အလွန်အကျွံသောက်စားမှုကြောင့်လည်းကောင်းနောက်ဆက်တွဲ မတော်တဆမှုများလည်း ဖြစ်ပွားလျက်ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သို့သောမတော်တဆမှုများကြောင့်ဖြစ်စေကာမူ ထိခိုက်ဒဏ်ရာရသေဆုံးသူများသည် မြန်မာနိုင်ငံသားများသာဖြစ်သောကြောင့် အချိန်မီ ဆေးရုံ၊ ဆေးခန်းများသို့ရောက်ရှိကုသမှုခံယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ရန်သည် နိုင်ငံသားအားလုံးမှာ တာဝန်ရှိနေပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး ဦးရဲထွဋ်ဦးရဲ့မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းမှ ပြန်လည်ရှင်းလင်းခဲ့ရာမှာ ရဲတပ်ဖွဲ့ဝင်များအတွက် စုံထောက်စစ်ဆေးရမည့် မှုခင်းဖြစ်ရပ်ကအရေးကြီးတဲ့အတွက် မှုခင်းဖြစ်ရပ်မပျက်စီးစေရေး အမှတ်အသားများမှတ်သားထားရှိပြီး လူနာကိုအချိန်မီ နီးစပ်ရာဆေးရုံသို့ပို့ပေးပါက ဥပဒေနဲ့ ညီစွမ်းမှုရှိမှာမဟုတ်ကြောင်းဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ပြည်သူများမှာ ၎င်းဖြစ်ရပ်များနှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတနည်းပါးခြင်း၊ လုပ်မှားကိုင်မှားဖြစ်၍ ပြန်လည်အရေးယူခံနိုင်ဖွယ်ရှိခြင်း နောက်ရဲစခန်းများကလည်း အကြိမ်ကြိမ်မကြာခဏခေါ်ယူစစ်ဆေးခြင်းစသည့် စိုးရိမ်စိတ်များကြောင့် အဲ့ဒီကာလနောက်ပိုင်း မော်တော်ယာဉ်မတော်တဆမှုနှင့် အခြားမတော်တဆမှုဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်ခြင်း မပြုရဲကြသောကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုများဆက်လက်ဖြစ်ပွားလျက်ရှိနေကြောင်း ဝမ်းနည်းဖွယ်ရာကြားသိနေရပါတယ်။ ဆေးရုံ၊ ဆေးခန်းများမှလည်း ရဲတပ်ဖွဲ့စစ်ဆေးချက်မပါရှိလို့ရှိရင် ထိခိုက်ဒဏ်ရာရလူနာကို တချို့လုံးဝ လက်မခံကြပါ။ ဤနေရာတွင် မှုခင်းဖြစ်ရပ်အမှတ်အသားများ မပျက်စီး

စေရန်သည် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းအရ အရေးကြီးသည်မှန်ပါသည်။ သို့သော်လည်း နိုင်ငံသား တစ်ဦး၏အသက်ရှင်သန်မှုသည် ထို့ထက်ပို၍ အရေးကြီးပါကြောင်း၊ တန်ဖိုးကြီးပါကြောင်း အလေး အနက်တင်ပြလိုပါတယ်။ ဒဏ်ရာရလူနာတစ်ဦး သို့မဟုတ် အများကို အချိန်မီဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်နိုင်သဖြင့် ဆက်လက်အသက်ရှင်သန်ပါက ဖြစ်ပွားခဲ့တဲ့မှုခင်းဖြစ်စဉ် အကြောင်းအရာများကို ဆက်လက်စစ်ဆေး သိရှိခွင့်ပိုမိုရရှိနိုင်တဲ့အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း ကိုလည်း ယုံကြည်ပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ဖြစ်ပွားနေတဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ အခြားမတော်တဆ ထိခိုက်မှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရလူနာများကို အချိန်မီဆေးကုသနိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များမရှိသေးပါက လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာ ထုတ်ပြန်ပေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို လေးစား စွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကိုတင်သွင်းတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်(ကော့မှူးမဲဆန္ဒနယ်)**။ ။ ကျွန်မ ကော့မှူးမဲဆန္ဒနယ် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က သူရဦးအောင်ကိုရဲ့အဆိုကို ထောက်ခံပါတယ်။ ထောက်ခံတဲ့နေရာ မှာလည်းပဲ အဓိကကတော့ ရည်ရွယ်ချက်ကတော့ ထိခိုက်ဒဏ်ရာရတဲ့သူတွေ မလိုအပ်ဘဲနဲ့ ပိုပြီးတော့ မနစ်နာအောင်လို့ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ လိုအပ်တဲ့စည်းမျဉ်း၊ စည်းကမ်းတွေသတ်မှတ်မယ်။ ဥပဒေတွေသတ်မှတ်မယ်ဆိုလို့ရှိရင် ဒီလိုထိခိုက်ဒဏ်ရာရသူတွေကို ကာကွယ်ဖို့ဟာ အဓိကဖြစ်တယ် ဆိုတာကတော့ ထည့်ပြီးတော့စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကူညီတဲ့နေရာမှာ မှန်ကန်တဲ့ စေတနာနဲ့ကူညီဖို့၊ နောက်ပြီးတော့ နည်းလမ်းကျကျနဲ့ကူညီဖို့၊ မကူညီနိုင်ဘဲနဲ့ ဆေးဝါးကုသမှုပေးနိုင် တဲ့အခြေအနေမရှိဘဲနဲ့ ဝင်ရောက်စွက်ဖက်ခြင်းဆိုလို့ရှိရင်လည်း ထိခိုက်ဒဏ်ရာရသူတွေကို အကျိုး မဖြစ်ထွန်းဘဲနဲ့နစ်နာစေမှာမို့လို့ ဒီလိုဥပဒေတွေပြဋ္ဌာန်းတဲ့နေရာမှာ သက်ဆိုင်ရာဌာနများက အဘက်ဘက်ကနေစဉ်းစားပြီးတော့ လုပ်ပေးသင့်ပါတယ်လို့ထည့်သွင်းပြောရင်းနဲ့ ထောက်ခံကြောင်း ထပ်မံ ဥက္ကဋ္ဌကြီးကနေတစ်ဆင့်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုဟာ လွှတ်တော်ကို တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ အဆိုမပေါ်ပေါက်မီ ဥက္ကဋ္ဌထံသတင်းစကားများဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သတင်းပေးမှု၊ ဆွေးနွေးမှုများ ပြုခဲ့ပါတယ်။

အဆိုတွင် ဖော်ပြထားသော အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား စိတ်ကောင်း စေတနာဖြင့် လူသားချင်းစာနာမှုစိတ်များဖြင့် ဆောင်ရွက်ပေးလိုခြင်း၊ ဆေးဝါးများကုသပေးလိုခြင်းများ ရှိကြသော်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများက ခွင့်ပြုထားခြင်းရှိ၊ မရှိကို သေချာဂနစ္စာမသိကြ၍ အသက်ဆုံးရှုံးမှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြကြောင်းကို ဝမ်းနည်းဖွယ်၊ စိတ်မချမ်းသာဖွယ်ကြားသိနေရပါတယ်။ ယင်းကိစ္စအား လွှတ်တော် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ၍ သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း အသီးသီးကဆွေးနွေးပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားလိုပါတယ်။ သို့ပါ၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များရဲ့ သဘောထားနှင့် သုံးသပ်အကြံပြုချက်များရယူလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျန်းမာရေးဝန်ကြီးဌာနက ရှင်းလင်းပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ မေးမြန်းသွားသည့်အဆိုအပေါ်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ဖြေကြားရာမှာ တင်သွင်းသွားသည့် အဆိုတွင်ပါရှိသည့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသည့် ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများ၊ ခိုက်ရန် ဖြစ်ပွားမှုများကြောင့်ရရှိသည့် ထိခိုက်ဒဏ်ရာရရှိလူနာများအတွက် ကျွန်မတို့၏ ပြည်ထောင်စုဝန်ကြီး ဌာန၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်သူ့ဆေးရုံ၊ ဆေးခန်းများသို့ လူနာရောက်ရှိလာပြီးသည့်အချိန်မှစ၍လည်းကောင်း၊ ကျွန်မတို့၏ ပြည်ထောင်စုကျန်းမာရေးဝန်ကြီး ဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်း များသို့ ရောက်ရှိလာပြီးသည့်အချိန်မှစ၍လည်းကောင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အခြေခံ၍ ယခင်အလားတူ မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်အပေါ်တွင် ဖြေကြားသည့်အချက်အလက်များ တရားဝင် ပြန်ကြားမှုများအပေါ်မှာအခြေခံပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ပြည်သူ့ဆေးရုံများမှပြင်ပလူနာဌာန သို့မဟုတ် အရေးပေါ်ဌာနသို့ဒဏ်ရာ အနာတရရရှိသူရောက်ရှိလာသည့်အချိန်တွင် တာဝန်ကျဆရာဝန်က ရဲအရေးပိုင်သည့် အမှုနှင့်

ပတ်သက်ကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဆေးစာရယူရန် ဆေးရုံတွင် တာဝန်ကျသော မှူခင်းရဲတပ်ဖွဲ့ဝင်ထံ ဒဏ်ရာရသူ သို့မဟုတ် ၎င်းနှင့်ပတ်သက်သူ တစ်ဦးဦးအား စေလွှတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံအကြောင်းကြားစေခြင်းပြုလုပ်ပါတယ်။ ဆေးအစီရင် ခံစာပုံစံ မရရှိသေး၍ လူနာအား စမ်းသပ်စစ်ဆေးမှုမပြုလုပ်ဘဲ စောင့်ဆိုင်းထားခြင်း ပြုလုပ်၍မရပါကြောင်းနှင့် ထိုသို့ပြုလုပ်ရန် ခွင့်မပြုထားပါကြောင်း၊ စမ်းသပ်စစ်ဆေးချက်အရ အတွင်းလူနာအဖြစ် အရေးပေါ်ဆေးရုံတင်ကုသပေးရန် လိုအပ်လျှင်လည်း ဒဏ်ရာအခြေအနေ အမျိုးအစားနှင့် လူနာအခြေအနေတို့ကို တိကျစွာမှတ်သားရယူကာ အမြန်ဆုံးဆေးရုံတင်ကုသပေးလျက်ရှိပါတယ်။ ယခုကဲ့သို့ဆောင်ရွက်ပြီးသည်နဲ့ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ဆေးအစီရင်ခံစာပုံစံ အမြန်ဆုံးပေးပို့ရရှိနိုင်ရန်အတွက်ဆောင်ရွက်ပေးရပါတယ်။ အထူးသဖြင့် လူနာအတွက်စိုးရိမ်းစိတ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့မဝင်တော့ဘဲ ဆေးရုံသို့ တိုက်ရိုက်ခေါ်ယူလာလေ့ရှိသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ရဲအရေးပိုင်သည့်အမှုများဖြင့် ဒဏ်ရာရ သို့မဟုတ် သေဆုံးရောက်ရှိလာသူများအား ရဲဆေးစာရေးပေးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တာဝန်ချထားပေးသဖြင့် အခက်အခဲမရှိသော်လည်း တခြားဆေးရုံများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး တာဝန်ချထားပေးနိုင်ခြင်းမရှိသည့်အခါ ဆေးရုံမှ တာဝန်ကျဆရာဝန်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြား၍ အစစရာရာတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆေးအစီရင်ခံစာ ပုံစံမရှိရသေးသော်လည်း လူနာအားစမ်းသပ်စစ်ဆေးခြင်း၊ အရေးပေါ်ဆေးဝါး ကုသမှုပေးခြင်း၊ ဆေးရုံတင်ရန် လိုအပ်ပါက ဆေးရုံတင်၍ လိုအပ်သောဆေးဝါးကုသမှုပေးခြင်းစသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ လူနာအားတာဝန်ယူမည့်လူမပါ ရှိလာပါကလည်း အရေးပေါ်လူနာဖြစ်စေ၊ သာမန်လူနာဖြစ်စေ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ ပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ ရာဇဝတ်မှုခင်းဆိုင်ရာလူနာများ၊ ရရှိသောဒဏ်ရာပုံစံ အမျိုးမျိုးဖြင့်ရောက်ရှိလာသည့်အခါ တာဝန်ကျဆရာဝန် သို့မဟုတ် ပုဂ္ဂလိကဆေးခန်းဖွင့်လှစ်ထားသည့်ဆရာဝန်အနေနဲ့ အရေးပေါ်လူနာဖြစ်ပါက လိုအပ်သည့်အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၏ အင်္ဂါရပ်များကိုပြဋ္ဌာန်းထားပြီး ပုဒ်မ ၈ ပုဒ်မခွဲ(စ) တွင် လူနာများကို အရေးပေါ်အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်

ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်အလားတူပဲ ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံများအတွက် ပုဒ်မ ၈ ပုဒ်မခွဲ(ည)နှင့် ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)တို့ တွင် လူနာအားဆက်လက်၍ ညွှန်းပို့မှုစနစ်ရှိရမည်လို့ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများရဲ့ အင်္ဂါရပ်အဖြစ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် အရေးပေါ်လူနာ ဖြစ်ပါက လိုအပ်မည့်အသက်ကယ်ကုသစောင့်ရှောက်မှုဆောင်ရွက်ကာ စနစ်တကျ ညွှန်းပို့ရန်ဖြစ်ပါ တယ်။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၂၅ မှာတာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့ရဲ့တာဝန် ဝတ္တရားများကိုလည်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅ ပုဒ်မခွဲ(ဆ)တွင် မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ် ပါက ညွှန်းပို့ခြင်းဟုသတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မတော်တဆထိခိုက်မှု၊ ခိုက်ရန် ဖြစ်ပွားမှုများကြောင့် သွေးထွက်သံယိုဖြစ်၍ နီးစပ်ရာပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၌ ဆေးကုသမှုခံယူ ရာတွင် သက်ဆိုင်ရာဆရာဝန်များက လိုအပ်သည့် အရေးပေါ်အသက်ကယ်ကုသမှု စောင့်ရှောက် မှုများဆောင်ရွက်ပေးနိုင်ပါကြောင်း ၎င်းနောက် တာဝန်ကျဆရာဝန်သည် ဒဏ်ရာအမျိုးအစား၊ ဒဏ်ရာ ရရှိသည့်အကြောင်းအရင်း၊ ဒဏ်ရာအတိမ်အနက်၊ ဒဏ်ရာရသည့်နေ့ရာများ စသည်တို့ကို အသေး စိတ်ဖော်ပြပြီး ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုးကာ နီးစပ်ရာပြည်သူ့ဆေးရုံသို့ လူနာညွှန်းပို့ရန်ဖြစ်ပါ ကြောင်းနှင့် လိုအပ်သည့် ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှ လိုအပ်သည့် Standard Operation Procedure များဖြင့် အရေးပေါ်လူနာများအား အသက်ကယ်ဆောင်ရွက် ပေးရန် ညွှန်ကြားထားလျက်ရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ အရေးကြီးအဆိုနှင့်စပ်လျဉ်းလို့ ဖြည့်စွက်ပြီးတော့ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မတော်တဆမှု များ၊ ခိုက်ရန်ဖြစ်ပွားတဲ့အမှုများ၊ ပြစ်မှုဆိုင်ရာအမှုများအပါအဝင် ဒီယာဉ်မတော်တဆမှုများနှင့် ပတ်သက်လို့ ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းကျန်းမာရေးဦးစီးဌာနအောက်မှာ ရှိတဲ့ဆေးရုံ၊ ဆေးခန်းများစစ်ဆေးကုသပေးဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပို့ဆောင်ပေးရပါတယ်။

အရေးပေါ်အခြေအနေတွေမှာတော့ ရဲတပ်ဖွဲ့ဝင်များ မရောက်ရှိသေးမီမှာ လူနာရဲ့အသက်အန္တရာယ် ဘေးကင်းရေးအတွက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများကို ပို့ဆောင်ကုသပေးရပါတယ်။ ရဲလက်စွဲအပိုဒ် ၁၇၆၄ထိခိုက်နာကျင်စေတဲ့အမှုများနှင့် မုဒိမ်းမှုများနှင့်ပတ်သက်လို့ ထိခိုက်ဒဏ်ရာရရှိတဲ့ တရားလို တို့ကို အနီးဆုံးတိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံသို့ လျင်မြန်စွာပို့ဆောင်ရမည်။ လူနာ၏ အခြေအနေအရ ရှေးဦးသူနာပြုစုနည်းနှင့် ပြုစုထားရှိသည့်အပြင် လူနာ၏အသက်ကိုကယ်နိုင်ရန် ကျေးရွာရှိအစိုးရအသိအမှတ်ပြုကျန်းမာရေးဝန်ထမ်း တစ်ဦးဦးနဲ့ဦးစွာပြသရန် လိုအပ်ပါက ပြသ စေရမည်။ သို့သော် ဒဏ်ရာ၏အခြေအနေနဲ့ကိုက်ညီသည့် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ သို့မဟုတ် မှူခင်းဆရာဝန်ရှိရာ ပြည်နယ်/တိုင်းဆေးရုံများသို့ အလျင်အမြန်ပို့ ဆောင်ရန်အခြေအနေရှိပါက အလျင်အမြန်ပို့ဆောင်ကုသဆေးမှတ်ချက်ရယူရမည်။ အကယ်၍ ဒဏ်ရာမှာကြီးကျယ်ပြီး သေမည်/ ရှင်မည်ကိုမသိနိုင်သည့်အခါ လူနာကိုအနီးဆုံးဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ရန်လည်း အခက်အခဲ ရှိသည့်အခါ အခင်းဖြစ်ပွားရာအရပ်တွင် လက်မှတ်ရ ဆရာဝန် သို့မဟုတ် ကျန်းမာရေးမှူးရှိလျှင် ၎င်းတို့ကို လူနာအားအရေးပေါ်ကုသပေးရန်တောင်းဆိုရမည်။ ထို့နောက် ယင်းလူနာကို အနီးဆုံး ဆေးရုံ၊ ဆေးခန်းသို့ပို့ဆောင်ပေးရမည်။ မည်သည့်အကြောင်းကြောင့်မျှ ပထမသတင်းပေးတိုင်ချက် ရေးသားရယူရန်ဖြစ်စေ၊ အခြားကိစ္စတစ်စုံတစ်ရာအတွက်ဖြစ်စေ ၎င်းလူနာကို ဦးစွာပထမ ရဲစခန်းသို့ ယူဆောင်ခြင်းမပြုရ။ လျင်မြန်နိုင်သမျှ လျင်မြန်စွာဆေးဝါးကုသခြင်းခံစေရမည်လို့ ဖော်ပြထားရှိပါ တယ်။ ဖြစ်ပွားမှုများကြောင့် သာမန်ဖြစ်စေ၊ အပြင်းအထန်ဖြစ်စေ၊ သေလုမျောပါးဖြစ်စေ ဒဏ်ရာ ရရှိလာလို့ရှိရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ ရဲလက်စွဲပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက် ပြီးတော့မှ ရဲဆေးစာနဲ့တင်ပြလာတဲ့ဒဏ်ရာတွေအပေါ် သက်ဆိုင်ရာဆရာဝန်က မှုခင်းဆရာဝန်အဖြစ် ဆေးမှတ်ချက်ပြုရပါတယ်။ ဆေးမှတ်ချက်ပြုမှုက တရားရုံးမှာ တရားလို၊ တရားခံနှစ်ဦးလုံးအတွက် တရားမျှတစွာစီရင်နိုင်မည့် မှုခင်းဆရာဝန်ရဲ့ ထင်မြင်ချက်အဖြစ် သက်သေခံတင်သွင်းနိုင်မှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အထက်ပါဆောင်ရွက်ချက်များအား ရဲလက်စွဲညွှန်ကြားချက်များပါ ဆောင်ရွက်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ရှင်းလင်းပြဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ်

ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဖြစ်ပွားနေတဲ့ယာဉ် မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန် ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိတဲ့ ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီ ဆေးကုသနိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်မရှိသေးပါက လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ဆောလျင်စွာထုတ်ပြန်ပေးရေးအတွက် လွှတ်တော်ကို တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ တင်ပြ အပ်ပါတယ်။ မော်တော်ယာဉ်တိုက်မှုအပါအဝင် ခိုက်ရန်ဖြစ်ပွားမှုများဟာ ပြစ်မှုဆိုင်ရာဥပဒေပါ ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတွေမှာအကျုံးဝင်တဲ့အတွက် ထိခိုက်ဒဏ်ရာရရှိသူကို ဆေးရုံမှာ ဆေးကုသမှုခံယူရာမှာ သက်ဆိုင်ရာရဲစခန်းရဲ့ ပြစ်မှုနှင့်သက်ဆိုင်တဲ့ ဆေးစာပါရှိမှသာ ဆေးရုံက လက်ခံကုသပေးတယ်လို့ သာမန်အားဖြင့် နားလည်နေကြပါတယ်။ အမှန်တော့ ရဲဆေးစာ အချိန်မီ မရောက်လည်း အရေးပေါ်ကုသပေးဖို့လိုလို့ရှိရင် ဆေးရုံတွေက အမြန်ဆုံးကုသ ပေးတယ်ဆိုတာ ကုသပေးရမယ်ဆိုတာကို ပြည်သူအပိုင်းကရော၊ ဆေးရုံအပိုင်းကရော ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ပေးဖို့၊ လုပ်ပေးဖို့လိုမယ်လို့ယူဆပါတယ်။ အလားတူ ပြစ်မှုနှင့် အကျုံးဝင်တဲ့ ထိခိုက် ဒဏ်ရာလူနာတွေကို ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေနဲ့လည်း ကုသခွင့် မရှိဘူးလို့ နားလည်နေကြ ပါတယ်။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (ဆ)မှာ မည်သည့် အရေးပေါ် လူနာကိုမဆို အသက်ကယ်လုပ်ငန်းများဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်းဆိုတာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သင့်ပါ ကြောင်းတင်ပြအပ်ပါတယ်။ ထိခိုက်ဒဏ်ရာရရှိတဲ့လူနာကို အချိန်မီ ဆေးကုသနိုင်ဖို့ ဆေးရုံ၊ ဆေးခန်းကို အမြန်ဆုံးရောက်ရှိဖို့လိုအပ်တဲ့အတွက် အများပြည်သူကလည်း အကူအညီပေးဖို့လိုပါ တယ်။ အခင်းဖြစ်ပွားရာနေရာမှာ သက်ဆိုင်တဲ့ ရဲစခန်းအနေနဲ့ အခင်းဖြစ်ပွားတဲ့နေရာကို အချိန်မီ သိရှိပြီး အခင်းဖြစ်ပွားရာနေရာကို အမြန်ဆုံးနည်းဖြင့် သွားရောက်ပြီး လူနာကို ရဲဆေးစာ အစီရင်ခံစာ နှင့်အတူ ဆေးရုံကို အချိန်မီတင်ပို့ပေးဖို့လိုအပ်ပါတယ်။ ပြည်သူ့ဆေးရုံတွေအနေနဲ့လည်း လူနာရရှိ တဲ့ဒဏ်ရာအခြေအနေကို မူတည်ပြီးတော့ အမြန်ဆုံး၊ အကောင်းဆုံး ကုသပေးဖို့ လိုအပ်ခြင်းများဟာ အဆိုနှင့်ဆက်စပ်လျက်ရှိတဲ့ ဆောင်ရွက်သင့်တဲ့အချက်တွေပဲဖြစ်ပါတယ်။

အချို့ပြည်သူတွေဟာ ပြည်သူနဲ့သက်ဆိုင်တဲ့ မှုခင်းတွေ ဖြစ်ပေါ်တာကိုတွေ့ရှိတဲ့အခါ ပါဝင် ကူညီဆောင်ရွက်ဖို့ ဆန္ဒရှိပေမယ့် အမှုအခင်းတွေမှာကို ပတ်သက်ရမှာကို စိုးရိမ်ခြင်း၊ ရဲစခန်းက

မေးမြန်းစုံစမ်းတာတွေကို မခံယူလိုခြင်း၊ တရားရုံးများကို သက်သေအဖြစ်သွားရောက်အစစ်မခံလိုခြင်း စသည့်အယူအဆတွေကြောင့် ထိခိုက်ဒဏ်ရာရရှိတဲ့လူနာတွေကို ဆေးရုံ၊ ဆေးခန်းကို ပို့ဆောင်ပေးဖို့ ဝန်လေးကြပါတယ်။ ဒါကြောင့်မို့လို့ မတော်တဆဖြစ်မှုတွေမှာ ထိခိုက်ဒဏ်ရာရတဲ့လူနာတွေ ဆေးရုံ၊ ဆေးခန်းကို အချိန်မီမရောက်ဘဲနဲ့ အသက်ဆုံးရှုံးရတာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတစ်ယောက်အနေနဲ့ ဒီလိုအခြေအနေမျိုး ကြုံတွေ့ရလို့ရှိရင် ဆောင်ရွက်သင့်တာကို ရပ်ကွက်ကျေးရွာတွေမှာ ပညာပေးဆွေးနွေးတာတွေ၊ ခုနက သတင်းမီဒီယာတွေက ပညာပေးတာတွေကို ပြုလုပ်ပေးသင့်ပါတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းက တာဝန်ရှိသူတွေကလည်း ကူညီတဲ့ပြည်သူတွေရဲ့ စေတနာကိုနားလည်ခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ရဲတပ်ဖွဲ့အနေနဲ့လည်း ယာဉ်တိုက်မှုအပါအဝင် ခိုက်ရန်ဖြစ်ပွားမှုတွေမှာ ထိခိုက်ဒဏ်ရာရရှိတဲ့လူနာကို အသက်ဆုံးရှုံးရတာတွေ မဖြစ်ပေါ်စေဖို့အတွက် မှုခင်းဖြစ်ပွားကြောင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းပေးတာကို လက်ခံရရှိတာနဲ့ အခင်းဖြစ်တဲ့နေရာကို အမြန်ဆုံးသွားရောက်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဒဏ်ရာရရှိသည့်လူနာ ဆေးကုမှုခံနိုင်ဖို့အတွက် ရဲဆေးစာနှင့်အတူ ဆေးရုံသို့အမြန်ဆုံးပို့ဆောင်ပေးခြင်းတွေ စတဲ့ကိစ္စတွေဟာ လိုအပ်လို့ရှိရင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထုတ်ပြန်သင့်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြစ်မှုနဲ့ဆက်စပ်တဲ့ ဒဏ်ရာရရှိတဲ့လူနာ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံးနှင့် အကောင်းဆုံးကုသမှုဆောင်ရွက်ပေးနိုင်ဖို့အတွက် လိုအပ်လို့ရှိရင် ထပ်မံပြီးတော့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထုတ်ပြန်သင့်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အဆိုဟာ အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးအကြံပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သူရဦးအောင်ကိုရဲ့ အဆိုကတော့ ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် ထိခိုက်ဒဏ်ရာရတဲ့လူနာတွေကို အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းမရှိသေးလို့ရှိရင် ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။ ဒီအဆိုကို ဆွေးနွေး တင်ပြသွားတဲ့နေရာမှာ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး သူရဦးအောင်ကိုက အပိုင်း ၂ ပိုင်း ခွဲခြားပြီးတော့ တင်ပြပါတယ်။ ပထမပိုင်းကတော့ ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားတဲ့နေရာကနေပြီးတော့ ထိခိုက်ဒဏ်ရာ ရတဲ့လူနာတွေကို ဆေးရုံ၊ ဆေးပေးခန်းများကို အချိန်မီရောက်ရှိရေးအတွက် ပြည်သူလူထုကကူညီ ဆောင်ရွက်ဖို့ ဝန်လေးတဲ့အပိုင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူရဦးအောင်ကိုတင်ပြတဲ့အဆိုအတိုင်းမှာပဲ ကျွန်တော်တို့လက်တွေ့ နယ်ပယ်မှာတော့ ဒီလိုထိခိုက်ဒဏ်ရာရတဲ့အခြေအနေတွေပေါ်ပေါက်လာတဲ့အခါမှာ ပြည်သူလူထု အနေနဲ့ ကူညီပေးဖို့အတွက် ဝန်လေးကြတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒီလိုဝန်လေးရတဲ့ အကြောင်းအရင်းကတော့ ဒီအမှုတွေဟာ ရာဇဝတ်မှုတွေဖြစ်ပွားနိုင်ပြီးတော့ မတော်တဆ သက်သေ အနေနဲ့ပါမှာစိုးလို့ သက်သေအနေနဲ့ပါတဲ့အခါမှာလည်း တရားရုံးများကို သွားရောက်ပြီးတော့ သက်သေထွက်ရှိရတဲ့အခါမှာ အချိန်ကုန်လူပန်းဖြစ်မှာစိုးရိမ်တာ မတော်ရင် တရားခံအဖြစ် ရောက်ရှိ နိုင်မှာတွေ စိုးရိမ်တာပါပါတယ်။ တချို့ကလည်း Law of Top နဲ့တောင်ပဲ ထိခိုက်နိုင်တယ်လို့ သွားပြီး တော့ဒီလိုကူညီလိုက်မယ်ဆိုလို့ရှိရင် ကူညီတဲ့သူမှာတောင်ပဲ Law of Top အရ တာဝန်မကင်းရာ ရောက်နိုင်တယ်လို့ ဒီလိုယူဆတဲ့ အယူအဆမျိုးတွေလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်ကျတော့ကာ ဒီလိုအသက်အန္တရာယ်ထိခိုက်တဲ့ ဒဏ်ရာ ရတဲ့လူတွေကို ကူညီဖို့လိုအပ်ပါတယ်။ ဒီလိုမကူညီတာဟာ ဆိုလို့ရှိရင်တော့ ပြည်သူလူထုအနေနဲ့ တာဝန်မဲ့ရာလည်းရောက်ပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့စိတ် မရှိရာလည်းရောက်ပါတယ်။ အဲဒီတော့ ဒီလိုကူညီဖို့အတွက်ကတော့ ကျွန်တော်တို့ ပြည်သူလူထုကို အသိပညာပေးဖို့ဆိုတာနဲ့တင် တော့ လုံလောက်မယ်မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလို အခြေအနေမျိုးပေါ်ပေါက်တဲ့အခါမှာ ပြည်သူလူထုကနေပြီးတော့ အကူအညီမပေးမနေရ။ အကူအညီ ပေးရမယ်ဆိုတဲ့ ဥပဒေမျိုးပြဋ္ဌာန်းပေးထားတာမရှိကြောင်း တွေ့ရှိရပါတယ်။ တခြားနိုင်ငံတွေမှာတော့ Law of Voluntary Civil Aid ဆိုတာမျိုးတွေကို ပြဋ္ဌာန်းပြီးတော့ကာ မိမိရဲ့အသိစိတ်ဓာတ်နဲ့ လူ့တာဝန်ဝတ္တရားအရ ဒီလိုအခြေအနေမျိုးတွေမှာ အကူအညီမပေးမနေရ။ အကူအညီပေးရမယ် ဆိုတဲ့ ဥပဒေမျိုးတွေ ပြဋ္ဌာန်းထားတာရှိတယ်လို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေအနေမှာ အမျိုးအစား ၂ မျိုးရှိပါတယ်။ တစ်မျိုး ကတော့ ကျွန်တော်တို့ ပြစ်မှုကျူးလွန်တဲ့အတွက် ပြစ်ဒဏ်ပေးတာမျိုးပါ။ ခုနလို ခိုးတာတို့၊ လုယက် တာတို့၊ တိုက်ခိုက်တာ၊ လူသတ်မှုစသဖြင့် ပြစ်မှုကျူးလွန်တဲ့အတွက် ပြစ်ဒဏ်ပေးတဲ့ ပြဋ္ဌာန်းချက်တွေ

ပါတဲ့ ဥပဒေတွေရှိသလို တစ်ဖက်ကလည်း မိမိဆောင်ရွက်ရမယ့်တာဝန်၊ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တာဝန်ကိုမဆောင်ရွက်တဲ့အတွက် ပြစ်ဒဏ်ပေးတဲ့ဥပဒေမျိုးရှိပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ငွေစာရင်းတိုင်ဖို့ပျက်ကွက်တာ၊ နောက်တစ်ခါ တကယ့်အရေးကြီးတဲ့ ရာဇဝတ်မှုကြီးတွေကို ထိန်ချန်ပြီး သတင်းမပေးတာမျိုးဆိုလို့ရှိရင် ဒါပြစ်မှုမြောက်တယ်လို့ ပြဋ္ဌာန်းနိုင်မှုရှိပါတယ်။ ထိုနည်းလည်းကောင်းပါပဲ ကျွန်တော်တို့ ဒီလိုအသက်အန္တရာယ်ထိခိုက်မယ့် ကိစ္စမျိုးမှာ ပြည်သူလူထုအနေနဲ့လည်းပဲ ကျွန်တော်တို့ ကူညီပေးရမယ့်တာဝန်ရှိပါလျက်နဲ့ အကူအညီမပေးလို့ရှိရင် ဒီလို အကူအညီမပေးတာမျိုးကို ပြစ်မှုမြောက်တယ်လို့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့သင့်တယ်လို့ ယူဆပါတယ်။ အဲဒီလို ပြဋ္ဌာန်းတဲ့နေရာမျိုးမှာတော့ မိမိတခြားနိုင်ငံမှာ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်ပြီးတော့ ပြစ်ဒဏ်အမျိုးအစားများကတော့ ကျွန်တော်တို့ ငွေဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ စသဖြင့် သင့်တော်ရာပြစ်ဒဏ်မျိုးကို ကျွန်တော်တို့ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခါ ဒီလို ဥပဒေမျိုးပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာ ဒီလူတစ်ယောက်ဟာ အသက်အန္တရာယ်ထိခိုက်မယ့် အန္တရာယ်ကြုံတွေ့နေရမယ့်သူကို ကူညီဖို့လိုမယ့်အကြောင်း၊ မကူညီလို့ရှိရင် မကူညီတဲ့အတွက် ပြစ်ဒဏ်ကျရောက်နိုင်တဲ့အကြောင်းလည်း ဘယ်လိုလူမျိုးမှာလည်း ကူညီတဲ့သူမှာ ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံရမယ့်အကြောင်း ဘယ်လိုလူမျိုးမှာတော့ ကူညီဖို့မသင့်တဲ့အကြောင်း ကူညီတဲ့နေရာမှာလည်း ကူညီရာမရောက်ဘဲနဲ့ ပိုပြီးတော့ ထိခိုက်ရာရောက်မယ်ဆိုလို့ရှိရင် ဒါလည်း မသင့်တော်တဲ့အကြောင်းစသဖြင့် ပြဋ္ဌာန်းချက်တွေ၊ အသေးစိတ်တွေကတော့ ဥပဒေရေးဆွဲပြဋ္ဌာန်းတဲ့အခါမှာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ပြီးတော့ ရေးဆွဲဖို့လိုမယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးအကြံပြုလိုပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင်တော့ မတော်တဆ ထိခိုက်ဒဏ်ရာရပြီးတော့ အသက်အန္တရာယ်ထိခိုက်အောင်ရှိတဲ့လူနာတွေကို အချိန်မီ ဆေးကုသနိုင်ဖို့အတွက်၊ ကူညီရေးအတွက်ကတော့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်သင့်တဲ့အကြောင်း တင်ပြအပ်ပါတယ်။ ဒီလို လူနာတွေကို ဆေးရုံကိုရောက်တဲ့အခါမှာလည်း ဆေးရုံက ချက်ချင်းလက်ငင်းကုသမှုမပေးသေးဘဲနဲ့ ဒီဟာက ရဲအရေးပိုင်မှုဖြစ်တဲ့အတွက် ရဲတပ်ဖွဲ့ကိုအရင်သွားပြီးတော့ FIR ဖွင့်ပြီးတဲ့နောက်ပိုင်းမှာ ကုသမှုတွေလုပ်နေတယ်ဆိုတဲ့ စွပ်စွဲချက်များကိုလည်း ကျွန်တော်တို့ကြားသိရပါတယ်။ ခုနက ကျန်းမာရေးဝန်ကြီးဌာနက တင်ပြသွားတဲ့အတိုင်းပဲ ဒီလိုကိစ္စမျိုးတွေကို မဖြစ်ပွားအောင်လို့ ဥပဒေပြဋ္ဌာန်းချက် ဥပမာ ပုဂ္ဂလိကနှင့်ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်ရှိတဲ့

အကြောင်းတော့ကြားသိရပါတယ်။ တကယ်ကျတော့ အခုလိုဖြစ်ပွားရတဲ့ကိစ္စတွေက အမှန်ဖြစ်ပွားနေတာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့လက်တွေ့အားဖြင့်လည်း ဒီလိုမျိုးထိခိုက်ဒဏ်ရာဖြစ်တဲ့အခါမျိုးမှာ ဆေးရုံ၊ ဆေးပေးခန်းသွားတဲ့အခါမှာ ချက်ချင်းလက်ငင်း ကုသမပေးသေးဘဲနဲ့ သက်ဆိုင်ရာရဲစခန်းကိုသွားပြီးတော့ FIR ဖွင့်ပြီးမှ ဆောင်ရွက်တာမျိုးတွေလည်း လက်တွေ့တွေ့ရပါတယ်။ တကယ်ကျ အဲဒါ ဘာကြောင့်ဖြစ်ရတာလဲဆိုလို့ရှိရင် အမှန်အားဖြင့်တော့ ဆေးရုံ၊ ဆေးပေးခန်းတွေကလည်း ပြည်သူ့ရဲတပ်ဖွဲ့တွေကို ကူညီတဲ့အနေနဲ့လည်း ဆောင်ရွက်တဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် ခုနက တင်ပြသွားတဲ့အတိုင်းပါပဲ။ ရာဇဝတ်မှုခင်းတစ်ခုဖြစ်တဲ့အခါမှာ သက်သေခံအထောက်အထားတွေ ပျက်စီးမသွားအောင်လို့ ကနဦး တွေ့ခဲ့ရတဲ့ သက်သေခံအထောက်အထားတွေ ဒီအတိုင်းပဲ အရင် ရဲတပ်ဖွဲ့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက အရင်စစ်ဆေးကြည့်ရှုပြီးတော့မှ နောက်ပိုင်းမှာ ကျွန်တော်တို့ ကုသမှုလိုမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး စောစောပိုင်းအနေနဲ့ကတော့ ညွှန်ကြားချက်ရှိနိုင်ပါတယ်။ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနက ဒီလိုရာဇဝတ်မှု မျိုးတွေဖြစ်လာလို့ရှိရင်တော့ ချက်ချင်းလက်ငင်းကြီးမလုပ်နဲ့ဦး။ မလုပ်ဘဲနဲ့ FIR ဖွင့်တာကို စောင့်ပြီးမှ FIR ဖွင့်ပြီးတဲ့အခါမျိုးမှာမှ ကုသမှုတွေလုပ်ဖို့ ပြဋ္ဌာန်းချက်များရှိကောင်းရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စကတော့ ကျွန်တော်တို့ ဥပဒေအရ တားမြစ်ထားတဲ့ ကိစ္စမဟုတ်တဲ့အတွက် သိပ်ခက်ခဲတဲ့ ပြဿနာမဟုတ်ပါဘူး။ ဒါကတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်ထဲရေးဌာနနှင့် ကျန်းမာရေးဌာနနဲ့ ညှိနှိုင်းပြီးတော့က ကျွန်တော်တို့ဆောင်ရွက်လိုက်မယ်ဆိုရင် ရရှိနိုင်တဲ့အလွယ်တကူဖြေရှင်းနိုင်မယ့် ကိစ္စမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဒါကတော့ ပြည်ထဲရေးနှင့် ကျန်းမာရေးနှင့်ညှိနှိုင်းပြီးတော့ လိုအပ်တဲ့ညွှန်ကြားချက်ကလေး ထုတ်ပြန်လိုက်ရုံနဲ့ပဲ ဒီပြဿနာ ပြေလည်သွားမယ်လို့ယူဆပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီဥပဒေ မပြဋ္ဌာန်းခင်အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြတဲ့ဥပဒေကလည်း ဘယ်လိုဥပဒေမျိုးလဲဆိုရင် အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့ ထိခိုက်ဒဏ်ရာရသူလူနာများကို အချိန်မီ ဆေးကုသနိုင်ရေးအတွက် အကူ အညီပေးရေး ဥပဒေဆိုတဲ့ ဥပဒေမျိုးပြဋ္ဌာန်းရန်အသင့်ပါပဲ။ အဲဒီတော့ ဥပဒေကိုပြဋ္ဌာန်းပြီးတဲ့အခါမှာ ဆိုလို့ရှိရင်တော့ ခုနက ဆေးရုံ၊ ဆေးခန်းမှာ ကုသတဲ့အပိုင်းမှာလည်း အပိုင်းတစ်ပိုင်းအနေနဲ့ ထည့်သွင်းရေးဆွဲမယ်ဆိုလို့ရှိရင် ဒီပြဿနာလည်း ပြေလည်သွားမယ်လို့ ယူဆပါကြောင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့်တော့ ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေမျိုးပေါ့လေ။ နာမည်ကတော့ ကျွန်တော်တို့ သင့်တော်ရာ ရွေးချယ်လို့ရ

ပါတယ်။ ဒီလိုဥပဒေမျိုးပြဌာန်းရန်သင့်ပြီလို့ယူဆပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလို ရှင်းလင်းတင်ပြပြီးသွားတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီရှင်းလင်းချက်တွေကို ရုပ်မြင်သံကြားကသော်လည်းကောင်း၊ အခြားသတင်းစာများကသော်လည်းကောင်း ဖော်ပြပေးမယ်ဆိုရင် ဒီနေ့ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေ၊ ကြန့်ကြာမှုတွေ မလိုအပ်ဘဲ အသက်အန္တရာယ် ဆုံးရှုံးမှုတွေ ကိုယ်ခန္ဓာဆုံးရှုံးမှုတွေဟာ အတော်ပင်သက်သာသွားမယ်လို့ ယူဆရပါတယ်။ သို့ရာတွင် ခုနက တင်ပြသွားသလို ပြည့်စုံတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများလည်း ဆက်လက်ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့လွှတ်တော်နဲ့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်သွားဖို့လိုမယ်လို့ ဒီလိုပဲသုံးသပ်လို့ရပါတယ်။ ဒါကြောင့် လွှတ်တော်ကို ကျွန်တော်တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်း ရယူမှာဖြစ်ပါတယ်။ သူရဦးအောင်ကိုတင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိပြီး လုပ်ဆောင်ဖွယ်ရာများကို ဆက်လက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သူရဦးအောင်ကို တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ခိုက်ရန်ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိသည့်ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဌာန်းချက်များမရှိသေးပါက လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာထုတ်ပြန်ပေးရေးအတွက် လွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး လိုအပ်နေသေးသော လုပ်ဆောင်ဖွယ်ရာများကို ဆက်လက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ အနေဖြင့် UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက် ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူ အပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်အား လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ပွင့်ဖြူမဲဆန္ဒနယ်က ဒေါက်တာအောင်မိုးညို အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကိုယ်ကျန်းမာစိတ်ချမ်းသာနဲ့ရပ်ရွာအကျိုး၊ ပြည်ထောင်စုကြီး အကျိုးဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်ပေးနိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အချိန်အခါဟာ ပြည်ထောင်စုနိုင်ငံတော်အနေနဲ့ အပြည်ပြည်ဆိုင်ရာမိသားစုရဲ့ အလယ်မှာ ဂုဏ်သရေရှိရှိ ထိုက်တန်တဲ့ နေရာတစ်ခုရရှိဖို့ အားလုံးကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အချိန်အခါဖြစ်ပါတယ်။ အခုလို အချိန်အခါမျိုးမှာ ပြည်ထောင်စုနိုင်ငံတော်အနေနဲ့ ပန္နက်ချဆိုတဲ့ စကားလုံးအစား ပန္နက်တင်လို့ ပြောင်းလဲသုံးစွဲရုံမျှနဲ့ နိုင်ငံတော်ဟာ အညွန့်တလူလူနဲ့ ထိပ်တန်းကို တက်မလာနိုင်ပါဘူး။ အလားတူပဲ ဠင်းတကြီးတွေကို ရွှေဟင်္သာပါလို့ လိမ်ညာပြောဆိုရုံမျှနဲ့လည်း ပဒေသာပင်မြေက ပေါက်မလာနိုင်ပါဘူး။ ဒီလိုအယူသီးမှုတွေနဲ့ နိုင်ငံတစ်ခုကိုထူထောင်လို့ ဖွံ့ဖြိုးအောင်အေးချမ်းသာယာအောင် တိုးတက်အောင် လုပ်လို့ရမယ်လို့ ကျွန်တော်လုံးဝမထင်ပါဘူး။ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ထိပ်တန်းကိုရောက်နေတဲ့ ဦးဆောင်နေတဲ့နိုင်ငံတွေကို လေ့လာသုံးသပ်ပြီးတော့ အတုယူဖို့ အင်မတန်လိုအပ်ပါတယ်။ ကျွန်တော်တို့တစ်တွေ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအပါအဝင် ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံတော်သူ နိုင်ငံတော်သားတွေများ ရာစုနှစ်နှင့်ချီပြီး တန်ဖိုးထားခဲ့တဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ ယဉ်ကျေးမှုတန်ဖိုးတွေကိုများ ထိခိုက်နစ်နာမှု မရှိဘူးဆိုရင် နိုင်ငံတော်အေးချမ်းသာယာဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ ကမ္ဘာ့အလယ်မှာ ထိုက်တန်တဲ့

နေရာတစ်ခုရဖို့ သူတို့တန်ဖိုးထားတဲ့ လေးစားနေတဲ့ လိုက်နာနေတဲ့အရာတွေကို တန်ဖိုးထား လေးစားမှ လိုက်နာမှဖြစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့လည်းပဲ တန်ဖိုးထားဖို့ လေးစားဖို့ လိုက်နာဖို့ အင်မတန်လိုအပ်ပါတယ်။ သူတို့နိုင်ငံထိပ်တန်းရောက်နေတာ ကမ္ဘာမှာ ဦးဆောင်နေတာ စည်းကမ်းရှိကြလို့ အလုပ်ကြိုးစားကြလို့ တရားဥပဒေစိုးမိုးမှုရှိလို့ဆိုရင် ကျွန်တော်တို့လည်း သူတို့လို့ ထိပ်တန်းရောက်အောင် ဖွံ့ဖြိုးတိုးတက်အောင် စည်းကမ်းရှိကြဖို့ တရားဥပဒေစိုးမိုးမှုရှိအောင် အလုပ်ကြိုးစားအောင်ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အဲ့ဒီနိုင်ငံတွေမှ ပြည်သူတွေ ဘဝလုံခြုံအေးချမ်းနေတာ၊ ဖွံ့ဖြိုးတိုးတက်နေတာ လိမ်တာ၊ ညာတာ၊ ခိုးတာ၊ ဗိုက်တာ ပိုင်ဆိုင်တဲ့ပစ္စည်းမတရားသိမ်းပိုက်ခံရတာတွေမရှိလို့ ဒီလိုအခြေအနေ ရောက်နေတယ်ဆိုရင် ကျွန်တော်တို့ ကိုယ့်ပြည်ထောင်စုဖွားနိုင်ငံသားတွေ အားလုံးလည်းပဲ ကိုယ်ကျန်းမာစိတ်ချမ်းသာနဲ့ ခိုးတာ၊ ဗိုက်တာ၊ ပစ္စည်းအဓမ္မသိမ်းဆည်းမခံရအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကာကွယ်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ဘာကြောင့်အခုလို တင်ပြရသလဲဆိုရင် ယနေ့ကမ္ဘာပေါ်မှာ လောကီကြောင်းအရ လူဖြစ်ရကျိုးအနပ်ဆုံးဆိုတဲ့ နိုင်ငံတွေကို လေ့လာရင် လူရိုသေ၊ ရှင်ရိုသေဖြစ်ပြီးတော့ ထိပ်တန်းက ဦးဆောင်တဲ့နိုင်ငံတွေကိုလေ့လာကြည့်တဲ့အခါမှာ ICCPR ဆိုတဲ့ နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးဆိုင်ရာကုလသမဂ္ဂရဲ့အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (ICESCR)ဆိုတဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာပဋိညာဉ် သဘောတူညီချက်စတဲ့ သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးပြီးတော့ကာ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုးကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့ နိုင်ငံများဖြစ်နေတယ်ဆိုတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့ဒီနိုင်ငံတွေကတော့ သမ္မတကြီးကိုယ်တိုင် အစိုးရအဖွဲ့နဲ့ သွားရောက်လေ့လာခဲ့သလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ကိုယ်တိုင်လည်း သွားရောက်လေ့လာခဲ့တဲ့ Scandinavian လို့ခေါ်တဲ့ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန်စတဲ့ နိုင်ငံများပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရာစုနှစ်တစ်ဝက်ကျော်ကျော်ခန့် လွဲမှားတဲ့ စီမံခန့်ခွဲမှုနဲ့ အာဏာရှင်စနစ်ကြောင့် ကမ္ဘာမှာမပြောနဲ့ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာတောင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဆိုတဲ့ အနေအထားကို ရောက်နေပါတယ်။ နောက်ဆုံးသိရတဲ့ ကိန်းဂဏန်းတွေအရ နိုင်ငံပေါင်း ၁၇၀ လောက်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုညွှန်းကိန်းဟာ ၁၄၉ ဖြစ်ပါတယ်။ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ လာအိုစတဲ့ နိုင်ငံတွေဟာ မြန်မာနိုင်ငံရဲ့ အထက်မှာ ရှိနေပါတယ်။ ဒီလို အနေအထားကနေပြီးတော့ကာ ပြည်ထောင်စုနိုင်ငံတော်ကြီး အေးချမ်းသာယာအောင် ဖွံ့ဖြိုး

တိုးတက်အောင် အပြည်ပြည်ဆိုင်ရာမိသားစုအလယ်မှာ လူရိုသေ၊ ရှင်ရိုသေနေရာဘဝကို ပြန်လည်ရရှိဖို့ ကြိုးစားတဲ့နေရာမှာ ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်နဲ့ တရားဥပဒေစိုးမိုးမှုဆိုတာ မဖြစ်မနေ လေးစားလိုက်နာရမယ့် နယ်ပယ်နှစ်ခုဖြစ်တယ်ဆိုတာ အားလုံးလက်ခံထားပြီးဖြစ်ပါတယ်။ အပြန်အလှန်အမှီသဟဲပြုပြီးတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အကျိုးပြုနေတဲ့ ဒီနယ်ပယ်နှစ်ခုအနက်မှာ ဘယ်ဒင်းကို ဦးစားပေးပြီးတော့ အရင်ဆောင်ရွက်ရမလဲဆိုတာ စဉ်းစားသုံးသပ်မယ်ဆိုရင် တရားဥပဒေစိုးမိုးမှုနယ်ပယ်ကို စတင်ဆောင်ရွက်သင့်တယ်လို့ ဥပဒေပညာရှင်များက အကြံပေးထားတာ ရှိပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးရေး ဘယ်ကစလုပ်ကြဖို့တုန်း။ ရပ်ကျေးအဆင့်ကစမှာလား။ တိုင်းနဲ့ပြည်နယ်အဆင့်က စမှာလား။ ဗဟိုအဆင့်က စရမှာလား။ တရားသူကြီးတွေကို တရားစွဲဖို့လား။ ရှေ့နေတွေ ဖမ်းချုပ်ဖို့လားမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးနယ်ပယ်ကို စမယ်ဆိုရင် လူ့အခွင့်အရေးနယ်ပယ်ကနေပြီးတော့မှ စတင်သင့်တယ်လို့ အကြံပေးထားတာကို ရှိပါတယ်။ ကျွန်တော်ဆလိုက်တစ်ခုတင်ပြထားတာရှိပါတယ်။ ပြလို့ရရင်တော့ပြစေချင်ပါတယ်။ အဲဒီတော့ကာ ကျွန်တော်တို့တင်ပြချင်တာကတော့ ဒီလူ့အခွင့်အရေးကိစ္စဆိုတာနဲ့ ပတ်သက်ပြီးတော့ကာ ကမ္ဘာမှာကျယ်ကျယ်ပြန့်ပြန့်တန်ဖိုးထားလာတဲ့ကိစ္စကို ပြည်ထောင်စုနိုင်ငံတော်အနေနဲ့ လုံးဝကို မပတ်သက်ခဲ့တာလားဆိုတော့မဟုတ်ခဲ့ပါဘူး။ မြန်မာ့လွတ်လပ်ရေးဟာ UDHR လို့ခေါ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကြီးရဲ့ ဖွားဖက်တော်ဆိုလို့ရှိရင် ပြောလို့ရပါတယ်။ ၁၉၄၈ ခုနှစ်မှာ ပြည်ထောင်စုနိုင်ငံတော် လွတ်လပ်ရေးရခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ ဒီအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကြီး ပေါ်ပေါက်လာပြီးတော့ နှစ်စဉ် ဒီဇင်ဘာ ၁၀ ရက်နေ့ကို လူ့အခွင့်အရေးနေ့ဆိုပြီးတော့ သတ်မှတ်ထားတာဖြစ်ပါတယ်။ အဲ့ဒီ လူ့အခွင့်အရေးကြေညာစာတမ်းကြီးရဲ့ထိပ်ဆုံးက တန်ဖိုးထားရတဲ့ အနစ်သာရတွေမှာ အပိုဒ် ၅ မှာကိုပဲ လူ့အခွင့်အရေးရဲ့ တန်ဖိုးတွေကိုဖော်ပြထားတယ်။ ကြေညာစာတမ်းရဲ့ နိဒါန်းအဖွင့်မှာလည်းပဲ လူ့အခွင့်အရေးတန်ဖိုးတွေကို ဖော်ပြထားတယ်။ အပိုဒ် ၅ မှာဆိုရင် မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံခြင်းမပြုရ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရလို့ ဖော်ပြထားတာပါရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ အခြေအနေနဲ့ အချိန်အခါအရ ပြုပြင်တော့မယ်လို့ ပြည်သူ့လွှတ်တော်ကြီးက ဆုံးဖြတ်ချက်ချထားတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ချို့ယွင်းချက်အားနည်းချက်တွေ ရာခိုင်နှုန်းတော်တော်များများ ပါရှိပါတယ်လို့လည်းပဲ

နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်တစ်ဦးက မီဒီယာမှာ အတိအလင်းဝန်ခံထားပြီးဖြစ်ပါတယ်။ ဒီလို ချို့ယွင်းချက်အားနည်းချက်တွေ ရှိပါတယ်ဆိုတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံရမယ့်မူများနဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးမှာကိုပဲ အခြေခံရမယ့်မူများအပိုဒ် ၄၄ မှာ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရဆိုတာ ဖော်ပြထားသလို နိုင်ငံသားများရဲ့ မူလအခွင့်အရေးမှာလည်း မည်သူ့ကိုမျှ တည်ဆဲဥပဒေ၏ အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို ဖြစ်စေနစ်နာဆုံးရှုံးမှု မရှိစေရဆိုပြီးတော့ ဖော်ပြထားပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အရူးမလေးကို မဒိမ်းကျင့်သည်ဖြစ်စေ၊ အရွယ်မရောက်သေးတဲ့မိန်းကလေးကို မဒိန်းကျင့်သည်ဖြစ်စေ အမျိုးသမီးအရာ၊ အထောင်ကို မဒိမ်းကျင့်သည်ဖြစ်စေ အရေးယူအပြစ်ပေးမယ်ဆိုရင် ဥပဒေကြောင်းအရသာဆိုလျှင် အရေးယူရတာ အပြစ်ပေးရတာဖြစ်ပါတယ်။ ဒါလောက်တောင် အနိုင်ကျင့်ရကောင်းလားဆိုပြီးတော့ မဒိမ်းကျင့်တဲ့ကောင်ကို ကျန်တဲ့ယောကျ်ားသားများက ဝိုင်းချုပ်ပြီးတော့ အပြစ်ပေးမယ်ဆိုပြီးတော့ မဒိမ်းကျင့်လို့ မရပါဘူး။ ဒါသည် ညှဉ်းပန်းနှိပ်စက်တာပဲ ဖြစ်ပါသည်။ ခင်ရိုးတန်းမှာရှိတဲ့ ထမိန်ရုပ်ခိုးတဲ့ သူခိုးပဲဖြစ်ဖြစ်၊ ပြည်ထောင်စုနိုင်ငံတော် ပြည်သူတွေ အများပိုင်တဲ့ ပစ္စည်းကိုပဲဖြစ်ဖြစ် လိမ်ညာခိုးဝှက်တဲ့လူ၊ မတရားသိမ်းပိုက်တဲ့လူကိုလည်းပဲ အရေးယူမယ်ဆိုရင် ဥပဒေကြောင်းအရသာလျှင် ဆောင်ရွက်ရတာမျိုးဖြစ်ပါတယ်။ လက်ထိပ်ခတ်ပြီးမှ ပါးချတာမျိုး၊ ဘွတ်ဖိနပ်နဲ့ ကန်တာမျိုး ဒါမျိုးသည် ညှဉ်းပန်းနှိပ်စက်တာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်မျိုးတွေကို မလုပ်သင့်ပါဘူး။ သယ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်ပြသွားတဲ့ ပြည်ထောင်စုနိုင်ငံတော်ဟာ ကမ္ဘာပေါ်မှာ တရားဥပဒေစိုးမိုးမှု အကင်းမဲ့ဆုံး၊ အညံ့ဖျင်းဆုံး ၁၀ နိုင်ငံမှာ ပါဝင်နေတယ်ဆိုတဲ့အချက်၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ တင်ပြသွာတဲ့ တာမွေမြို့နယ်မှာ လူငယ်လေးတစ်ယောက် အသက် ၁၄ နှစ်လောက်ရှိတဲ့ ကလေးလေး လက်ကိုင်ဖုန်းမခိုးပါဘဲနဲ့ Informer က ခိုးပါတယ်ဆိုပြီးတော့ သတင်းပေးတဲ့အတွက် မခိုးတာကို ခိုးပါတယ်လို့ ဝန်ခံလာအောင် တာမွေရဲစခန်းက ရဲဝန်ထမ်းများရဲ့ ရက်ရက်စက်စက်နဲ့ အသက်အန္တရာယ်ဖြစ်လောက်အောင် ညှဉ်းပန်းနှိပ်စက်တဲ့ကိစ္စ၊ အဲ့ဒီလို ညှဉ်းပန်းနှိပ်စက်တာကို မခံနိုင်တဲ့အဆုံး ဒီကလေးဟာ သူ့ကိုယ်သူသတ်သေဖို့တောင်ကြံတာ ကိုယ်စားလှယ်တော်ကြီးများအားလုံး ဥက္ကဋ္ဌကြီးနဲ့ အားလုံးသိပြီးဖြစ်ပါတယ်။ အလားတူဖြစ်ရပ်အပြင် ဖြစ်ရပ်တစ်ခုရှိပါတယ်။ အဲဒါက ဘာတုန်းဆိုတော့ ဖျာပုံမြို့နယ်၊ ကျုံကြိုက်ရဲစခန်းက ဖြစ်ရပ်တစ်ခု ဖြစ်ပါတယ်။ အဲ့ဒီဖြစ်ရပ်မှာ တရားခံလို့ ထင်မြင်ယူဆခံရတဲ့

မောင်ဝင်းထွန်းအိမ်အပေါ်မှာ အိပ်နေတာကို ရဲသားဖြစ်တဲ့လူက အိမ်အောက်ဆွဲချတယ်။ မောင်ဝင်းထွန်းက တောင်းပန်တိုးရှိုးနေတဲ့ကြားက ညာဘက်ပချိတ်အောက် မေးစေ့အောက် ပိတ်ကန်လိုက်တာ သတိလက်လွတ်ဖြစ်သွားတယ်။ သတိပြန်လည်မလာတော့ဘဲနဲ့ အသက်ဆုံးရှုံးရပါတယ်။ ဒါတွေသည် ဥပဒေမဲ့ညှဉ်းပန်းနှိပ်စက်တဲ့ လုပ်ရပ်များသာ ဖြစ်ပါတယ်။ အကယ်၍များ ဥပဒေ၊ နည်းဥပဒေနဲ့ ကျွန်တော်တို့က တားမြစ်မယ်။ နိုင်ငံတော်အစိုးရကလည်း ဒီလိုမျိုး ပဋိညာဉ်စာတမ်းမျိုးကို လက်မှတ်ထိုးထားမယ်။ ဒါတွေကိုလည်းပဲ အာဏာပိုင်အဆင့်ဆင့်က သိရှိမယ်ဆိုလို့ရှိရင် ရဲစခန်းတွေက ဒီလိုမျိုး အလွယ်တကူနဲ့ နှိပ်စက်ညှဉ်းပန်းတဲ့ လုပ်ရပ်တွေကို ကျူးလွန်ကြမှာ မဟုတ်ပါဘူး။ ဒီဖြစ်ရပ်တွေမှာ ဥပဒေမဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းဟာ အင်မတန်ကို ပေါ်လွင်ထင်ရှားနေပါတယ်။ မတရားသဖြင့် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်တဲ့ကိစ္စဟာ တရားသဖြင့် လုပ်ပိုင်ခွင့်ရနေပြီလား။ ကျူးလွန်ကြတဲ့ ဒေါ်လဲ့လဲ့ဝင်းဆွေတင်ပြတဲ့တာမွေရဲစခန်းကဖြစ်ရပ်ကြောင့် ကဗျာဆရာကြီး တင်မိုးရဲ့ ကဗျာလေး တစ်ပုဒ်ထဲက ဝါကျတစ်ကြောင်းကို သတိရမိပါတယ်။ အဲဒီကဗျာကို ၁၉၈၉ ခုနှစ်က ရေးသားခဲ့တာဖြစ်ပြီးတော့ ကဗျာရဲ့နာမည်က အာဇာနည်နေ့မျက်ရည်တဲ့ အဲဒီကဗျာထဲမှာပါတဲ့ ဝါကျက ဘာလဲဆိုတော့ မတရားက တရားလေဟန်ခေတ်ပြောင်းပြန်ကြောင့် နိုင်ငံရင်နာမဆုံးတည်းတဲ့။ ဥက္ကဋ္ဌကြီးနဲ့ လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရက်စက်မှုကြောင့်၊ မတရားမှုကြောင့် ပြည်ထောင်စုနိုင်ငံတော်နဲ့ နိုင်ငံသားတွေ ရင်နာခဲ့ရတဲ့ ရက်ပေါင်းလပေါင်းတွေ ကြာညောင်းလှပါပြီ။ ဒီရက်ဒီလတွေ ရပ်တန့်က ရပ်သွားအောင် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဥက္ကဋ္ဌကြီးအနေနဲ့ တပ်မတော်အရာရှိကြီးများတွေအနေနဲ့ ကြိုးစားဆောင်ရွက်ပေးနိုင်လေမလားဆိုတဲ့ ယုံကြည်ချက်၊ မျှော်လင့်ချက် အားကိုးမှုအပြည့်နဲ့ တင်သွင်းလိုတဲ့အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေးထိုးရန် ပြည်သူ့လွှတ်တော်က တိုက်တွန်းကြောင်းအဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာ ဒေါ်သန်းငွေ(ကလောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်လှယ်တော်ကြီးများရှင်။ ပြည်ထောင်စုအဆင့်ဝန်ကြီးများနဲ့ လွှတ်တော်ကို လေ့လာရေးလာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကလောမဲဆန္ဒနယ်က ဒေါက်တာ ဒေါ်သန်းငွေဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ပီပြင်အောင်ဖော်ဆောင်နေတဲ့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ သမ္မတကြီးနှင့် ဒုတိယသမ္မတကြီးတို့ကလည်း နိုင်ငံတကာမှာ လှည့်လည်ပြီးတော့မှ နိုင်ငံတကာဆက်ဆံရေးတွေကို တိုးတက်အောင်မြင်အောင် ကြိုးပမ်းပြီးတော့မှ ဆောင်ရွက်နေတာတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံများကလည်း ကျွန်မတို့နိုင်ငံရဲ့ အပြောင်းအလဲတိုးတက်မှုတွေကို လေ့လာစောင့်ကြည့်နေကြတဲ့အတွက် ကျွန်မတို့နိုင်ငံဟာ အများလက်ခံနိုင်လောက်တဲ့ အနေအထားကောင်းတွေကိုရှိကြောင်းပြသရမယ်လို့ ကျွန်မယူဆပါတယ်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း၊ နောက် အမျိုးသမီးများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မြှင့်တင်တဲ့ CEDAW Convention လူသားချင်းစာနာတဲ့ လုပ်ရပ်တွေကို ကျွန်မတို့နိုင်ငံက နိုင်ငံတကာနဲ့ လက်တွဲပြီးတော့မှ လုပ်ကိုင်နေတယ်ဆိုတာ အများကလည်း သိပြီးဖြစ်ပါတယ်။ အဲဒါကြောင့် အခု UN Convention Against Torture ကိုလည်း အလေးထားလက်ခံရန်ဆန္ဒရှိကြောင်း ကျွန်မတို့က ပြသရမယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ဒေါက်တာအောင်မိုးညိုတင်ပြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ်စေသော အပြုအမူနှင့်အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်အား လက်မှတ်ရေးထိုးရန် ပြည်သူ့လွှတ်တော်က တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါတယ် ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့နိုင်ငံအတွင်းမှာ ဥပဒေမဲ့ဆောင်ရွက်မှု၊ မလျော်သြဇာသုံးစွဲမှုများရှိက အရေးယူဖို့ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာတာဝန်ရှိသူများ ပြန်လည်ဆွေးနွေးတဲ့အခါမှာ အခု ကျွန်တော်တင်ပြတဲ့ ဥပဒေမဲ့ဆောင်ရွက်မှု၊ မလျော်သြဇာသုံးစွဲမှုများအတွက် အပြစ်ပေးအရေးယူဖို့ ပြဋ္ဌာန်းချက်များ ရှိတယ်ဆိုလို့ရှိရင်လည်း ဖော်ပြရှင်းလင်းပေးစေလိုပါတယ်။ ထို့အတူပဲ ကျွန်တော်တို့

လွှတ်တော်ရဲ့ ထူးခြားမှု ဝိသေသတစ်ခုကတော့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ အယူဘာသာအစွဲမရှိကြဘဲနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက်ဆိုရင် အားလုံးက အဓိကထားဆောင်ရွက်ဖို့ လက်ခံဆောင်ရွက်နေတာ ပြည်တွင်းသာမက ပြည်ပကပါ သိရှိတဲ့အတွက် ဂုဏ်ယူဝင့်ကြွားစရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်အတွင်းမှာလည်း နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကော်မတီများ ကော်မတီဖွဲ့စည်းပြီး ပြုပြင်ပြောင်းလဲနေတဲ့ ခေတ်စနစ်နဲ့အညီ ဆောင်ရွက်ဖို့ ကြိုးစားအားထုတ်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြလာတဲ့အဆိုပေါ်မှာ သက်ဆိုင်ရာဌာနအသီးသီးက မည်သို့မည်ပုံဆောင်ရွက်နေသည်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အခက်အခဲများရှိသည်၊ မရှိသည်ကို စုံလင်စွာတင်ပြဖို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား၍ တက်ရောက်ကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကုလသမဂ္ဂစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးရန် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုရဲ့ အဆိုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မည်သည့်နိုင်ငံသားမဆို လူ့အခွင့်အရေးရရှိခံစားနိုင်ရေးဟာ အရေးကြီးကြောင်း စွဲစွဲမြဲမြဲလက်ခံ ယုံကြည်ခဲ့တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်လည်း လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပင်မ စာချုပ်စာတမ်းထဲမှာ အခြေခံအကျဆုံးဖြစ်တဲ့ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးမကြာမီ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာပြဋ္ဌာန်းချက်မှာလည်း နိုင်ငံသားတိုင်းရဲ့ အခြေခံလူ့အခွင့်အရေးကို

ရရှိခံစားနိုင်စေရန် ပြဋ္ဌာန်းအကာအကွယ်ပေးထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဟာ တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစတင်ပြီး ကဏ္ဍအသီးသီးမှာ ပြဋ္ဌာန်းသက်ဝင်ဆဲ ဖြစ်တဲ့ ပြည်တွင်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခြင်း သို့မဟုတ် အတည်ပြုပါဝင် လက်မှတ်ရေးထိုးခြင်းပြုထားတဲ့ နိုင်ငံတကာ စာချုပ်စာတမ်းများပါ ကတိကဝတ်များနှင့်လည်းကောင်း ကိုက်ညီစေရန်အတွက် ဖျက်သိမ်းခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခြင်းစတဲ့ လုပ်ငန်းစဉ်များကို လုပ်ဆောင်လျက်ရှိပါတယ်။ ထို့အတူ မြန်မာနိုင်ငံက နိုင်ငံတကာစာချုပ်များသို့ပါဝင်ရေးကိုလည်း စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာစာချုပ်တစ်ရပ်သို့ ပါဝင်ရေးကိစ္စဟာ လေးနက်တဲ့ ကတိကဝတ်ပြုခြင်း၊ တာဝန်ယူမှုတစ်ရပ်ဖြစ်ခြင်းတို့ကြောင့် မိမိနိုင်ငံနဲ့ မိမိနိုင်ငံသားများရဲ့ အကျိုးနဲ့ ကိုက်ညီခြင်း၊ ဖော်ဆောင်နိုင်ခြင်းရှိ၊ မရှိ ဦးစွာချိန်ဆပါတယ်။ ဒီလိုချိန်ဆရာမှာ မိမိနိုင်ငံရဲ့ အချုပ်အခြာ အာဏာပိုင်မှုကို မထိပါးရေး၊ မိမိနိုင်ငံရဲ့ ရေမြေအနေအထား၊ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနဲ့ ဖွဲ့စည်းထူထောင်ရပ်တည်နေမှု စသည်တို့နှင့် ကိုက်ညီရေးဟာ ပဓာနကျပါတယ်။ လက်တွေ့ပိုင်းအနေနဲ့လည်း လိုက်နာလုပ်ဆောင် သွားရမယ့် စာချုပ်ပါပြဋ္ဌာန်းချက်များ၊ ကတိကဝတ်များအရ လိုက်နာရမယ့် တာဝန်များကို စဉ်းစား ချိန်ဆပါတယ်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ လက်တွေ့အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရမည့် ကိစ္စများ၊ စာချုပ်အကောင်အထည်ဖော်လိုက်နာမှုများအတွက် ထူထောင် ထားသည့် အဖွဲ့အစည်း၊ ကော်မတီစသည်များသို့ မိမိနိုင်ငံရဲ့ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ အစီရင်ခံစာများစသည်တို့ကို တင်သွင်းခြင်း၊ မေးမြန်းမှုများပြုလုပ်ခြင်း၊ စစ်ဆေးမှုများကို လက်ခံ ရှင်းလင်းဖြေကြားခြင်း၊ စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ အမျိုးသားအာဏာပိုင်တစ်ရပ် ထူထောင်ရန် လိုအပ်ချက်ရှိ၊ မရှိ၊ တည်ဆဲပြည်တွင်းဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ် တစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ချက်ရှိ၊ မရှိကိုလည်း စဉ်းစားရပါတယ်။ တစ်ချိန်တည်းမှာပဲ စာချုပ်အကောင်အထည်ဖော်တဲ့လုပ်ငန်းစဉ်မှာ လိုအပ်မယ့် လူအင်အားလိုအပ်ချက်၊ နိုင်ငံတော်မှ ကျခံသုံးစွဲရမယ့် နိုင်ငံခြားသုံးငွေအပါအဝင် ရန်ပုံငွေလိုအပ်ချက် စသည်များကိုလည်း ခန့်မှန်း တွက်ချက်ပါတယ်။ ဒီလိုလေ့လာသုံးသပ်မှုများ၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှသာ စာချုပ်တစ်ရပ်ကို ပါဝင်လက်မှတ်ရေးထိုးရန် စဉ်းစားဆုံးဖြတ်တဲ့အဆင့် ရောက်ရှိမှာ ဖြစ်ပါတယ်။ ဤလုပ်ငန်းစဉ်များနှင့်အညီ လူ့အခွင့်အရေးကိုမြှင့်တင်ကာကွယ်စောင့်ရှောက်တဲ့ နိုင်ငံတကာ စာချုပ်

စာတမ်းများကိုလည်း အခြေအနေပေးသည်နှင့်အမျှ ပါဝင်လက်မှတ်ရေးထိုးလျက် ရှိပါတယ်။ ဥပမာအားဖြင့် မစွမ်းမသန်သူများ အခွင့်အရေးဆိုင်ရာ စာချုပ်ကို မြန်မာနိုင်ငံက ၇-၁၂-၂၀၁၁ မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုအဆိုတင်သွင်းတဲ့ နိုင်ငံတကာစာချုပ် တစ်ခုဖြစ်တဲ့ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သည့် သို့မဟုတ် လူ့သိက္ခာ ညှိုးနွမ်းစေသည့် ပြုကျင့်မှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့အား ဆန့်ကျင်သည့်စာချုပ်ဟာ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပင်မစာချုပ်စာတမ်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဲ့ဒီစာချုပ်ကို ၂၆-၂-၂၀၁၃ ရက်နေ့အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၁ နိုင်ငံက စာချုပ်အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ထားပါတယ်။ ယင်းစာချုပ်ဝင် ၁၅၁ နိုင်ငံနှင့် နိုင်ငံပေါင်း ၇၈ နိုင်ငံက ကနဦး ပါဝင်လက်မှတ်ရေးထိုးထားပါတယ်။ အာဆီယံနိုင်ငံများအနက် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း ၅ နိုင်ငံတို့က ပါဝင်ထားပါတယ်။ ဒီစာချုပ်ရဲ့ ရည်မှန်းချက်ဟာ လူလူချင်း ရက်စက်ကြမ်းကြုတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်မှု၊ ပြစ်ဒဏ်ပေးမှုစသည်တို့ကို နိုင်ငံတကာမှ လိုက်နာသင့်သည့်စံနှုန်းများကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ကနဦးလေ့လာချက်အရ ဒီရည်မှန်းချက်ဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအစဉ်အလာများနှင့်လည်း ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီစာချုပ်နှင့်ပတ်သက်ပြီး စာချုပ်သို့ပါဝင်ရေးရှေးရှုလျက် မြန်မာနိုင်ငံအနေဖြင့် အဆင့်ဆင့် လေ့လာသုံးသပ်မှုများ ပြုလုပ်သွားရန် လိုအပ်ပါတယ်။ ဒီလိုပြုလုပ်သွားရာမှာလည်း လူ့အခွင့်အရေးဆိုင်ရာ အတွက် ဖွဲ့စည်းပေးထားတဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပြီးတော့ လေ့လာမှုများပြုလုပ်ပြီးတဲ့ အခါမှာ လိုအပ်တဲ့ပြင်ဆင်မှုများဖြစ်တဲ့ ဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးမှုများ၊ လေ့လာမှုများ စသည်ဖြင့်အဆင့်ဆင့် လုပ်ဆောင်ပြီးတဲ့နောက်မှာ ဒီစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးရန်အတွက် အခြေအနေသို့ ရောက်ရှိ မှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး လေးစားစွာဖြင့် ဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမှုနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကုလသမဂ္ဂရဲ့

လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ဟာ Human Right Call Convention ထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က ဂျနီဗာမှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ (၁၀)ကြိမ်မြောက်လုပ်ငန်းအဖွဲ့အစည်းမှာ UPR (Universal Periodic Review) အစီအစဉ်မှာ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာကို သုံးသပ်မှုခံယူတင်ပြခဲ့ပါတယ်။ အဲ့ဒီအချိန်ကပင် ဒီ Convention ကို ထည့်သွင်း စဉ်းစား သဘောတူလက်ခံမယ်ဆိုတဲ့အကြောင်း တင်ပြခဲ့ပါတယ်။ အစည်းအဝေးရဲ့ Recommendation မှာလည်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။ နောက်တစ်ကြိမ် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ (၁၇)ကြိမ်မြောက် UPR အစီအစဉ်မှာလည်း ထပ်မံတင်ပြခဲ့ပါတယ်။ အခု အချိန်မှာတော့ ဒီသက်ဆိုင်ရာ အဖွဲ့အစည်းက Convention ကို သဘောတူလက်ခံနိုင်ရေး တင်ပြဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ Convention ဟာ သက်ဝင်နေတဲ့ စာချုပ် လည်းဖြစ်တဲ့အတွက် Sign အဆင့်မဟုတ်ဘဲနှင့် Instrument of Acception လုပ်လို့ရှိရင် ဖြစ်ပါ တယ်ဆိုတာကို တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄ မှာလည်း ခုန တင်ပြီးဖြစ်တဲ့အတိုင်း လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေတဲ့ ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရဆိုတာ ပြဋ္ဌာန်း ထားပါတယ်။ ပြစ်မှုကျူးလွန်သူကို ကြိမ်ဒဏ်ကိုလည်း ကျွန်တော်တို့နိုင်ငံမှာ ရုပ်သိမ်းပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သေဒဏ်ပြစ်ဒဏ်နှင့်စပ်လျဉ်းလို့ ဖျက်သိမ်းခြင်းမပြုရသေးပေမယ့် ၁၉၈၈ ခုနှစ်ကစပြီး တော့ အကောင်အထည်ဖော်ခြင်းမရှိခဲ့ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ နှင့်အညီ သေဒဏ် ပြစ်ဒဏ်တွေကို ထောင်ဒဏ်တစ်သက်လျှော့ပေါ့ပေးခဲ့တဲ့အမိန့်တွေ ထုတ်ပြန်ခဲ့တာ ရှိပါတယ်။ အလားတူပဲ Slavery Act လိုဟာမျိုးကို ၁၉၉၂ ခုနှစ်က ရုပ်သိမ်းခဲ့ပါတယ်။ Force Labour ကိစ္စတွေ၊ Child Law ကိစ္စတွေ၊ အမျိုးသမီးအခွင့်အရေးကာကွယ်တဲ့ဥပဒေတွေကို Convention တွေနဲ့အညီ ကျွန်တော်တို့နိုင်ငံမှာလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီညှဉ်းပန်း နှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ် ပေးခြင်းကို ဆန့်ကျင်တဲ့ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် Convention ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ဥပဒေတွေ၊ လူမှုရေး၊ ယဉ်ကျေးမှုတွေနဲ့လည်း ကိုက်ညီတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ အဆိုကို အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒေါက်တာအောင်မိုးညို၊ ပွင့်ဖြူမဲဆန္ဒနယ်ကနေပြီးတော့ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေးထိုးဖို့ကိစ္စနှင့် ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတဲ့ အချက်အလက်တချို့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့တော့ ယခင်လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ လူ့အခွင့်အရေးကော်မရှင်ပေါ်ပေါက်လာပြီးတဲ့နောက်ပိုင်းမှာ လူ့အခွင့်အရေးကော်မရှင်ကို လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အကျဉ်းဦးစီးဌာနအနေနဲ့လည်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးတော့မှ လိုက်နာဆောင်ရွက်မှုအခြေအနေတွေကို ICRC ကနေပြီးတော့မှ လာရောက်ပြီးတော့မှ အကျဉ်းထောင်များကို စစ်ဆေးခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့လည်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ တပ်ဖွဲ့ဝင်တွေအနေနဲ့ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုကိစ္စရပ်တွေနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ ဒီကိစ္စရပ်တွေကို ဆောင်ရွက်ခြင်းမပြုဖို့၊ ဆောင်ရွက်တယ်ဆိုလို့ရှိရင်လည်း စစ်ဆေးပေါ်ပေါက်တယ်ဆိုလို့ရှိရင် ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယခင်တုန်းကတော့ ကျူးလွန်တဲ့သူကိုသာ အရေးယူဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ တာဝန်ရှိတဲ့သူအဆင့်ဆင့်ကိုပါ အရေးယူဆောင်ရွက်တဲ့အခြေအနေအထိ ဆက်ပြီးတော့မှ ကျယ်ပြန့်မှုမရှိအောင်လို့ အဆင့်ဆင့်အရေးယူတဲ့ စနစ်ပါ ဆက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်ပြီးတော့မှ အရေးယူဆောင်ရွက်ထားတဲ့အခြေအနေတွေလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ အင်အားဘယ်လောက်ထိ အရေးယူဆောင်ရွက်ထားတယ်ဆိုတာလည်း တရားဝင်ထုတ်ပြန်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနှင့်ပတ်သက်ပြီးတော့မှ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အကျဉ်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒါတွေနဲ့လိုက်နာဆောင်ရွက်မှုပိုမိုခိုင်မာအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပွင့်ဖြူမဲဆန္ဒနယ်က ဒေါက်တာအောင်မိုးညိုတင်ပြသွားတဲ့ Convention ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဝင်ရောက်လိုတယ်ဆိုတဲ့ Convention က UN Convention Against Torture and Other Crucl, Inhuman or Degrading Treatment or Punishment ဖြစ်ပါတယ်။ အဲ့ဒီမှာပါတဲ့ Punishment ဆိုတာကတော့ ကျွန်တော်တို့ တရားရုံးများနှင့်သက်ဆိုင်တာဖြစ်ပါတယ်။ Punishment အပြစ်ဒဏ်ပေးတာ ဖြစ်ပါတယ်။ ပြစ်ဒဏ်ပေးတဲ့နေရာမှာ တရားရုံးများအနေနဲ့ကတော့ ဥပဒေနှင့်ညီညွတ်တဲ့ ပြစ်ဒဏ်များ ကိုသာ ပေးပါတယ်။ ဥပဒေနှင့်မညီတဲ့ ပြစ်ဒဏ်များကို မပေးပါဘူး။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမှာလည်း ဘာပြဋ္ဌာန်းထားလဲဆိုတဲ့အခါကျတော့ လူ့သိက္ခာကို ထိခိုက်ညှိုးနွမ်းစေတဲ့ ပြစ်ဒဏ်မျိုး ကို မပေးရလို့ ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒီတော့ အခြေခံဥပဒေနှင့်အညီပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တရားရုံးအဆင့်ဆင့်က လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလို ပါတယ်။ ဥပဒေနှင့်ညီတဲ့ပြစ်ဒဏ်မှာ မြန်မာနိုင်ငံမှာ ဥပဒေတွေအရ ပြစ်ဒဏ်အမျိုးအစား ရှိပါတယ်။ ပြစ်ဒဏ် အမျိုးအစားက တစ်ခုကတော့ ငွေဒဏ်၊ နောက်တစ်ခုကတော့ ထောင်ဒဏ်ပါ။ ထောင်ဒဏ်မှာ အလုပ်မဲ့ထောင်ဒဏ်နှင့် အလုပ်ကြမ်းထောင်ဒဏ်ဖြစ်ပြီးတော့ နောက်တစ်မျိုးကတော့ တစ်သက် တစ်ကျွန်း ပို့ဒဏ်ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ သေဒဏ်ဖြစ်ပါတယ်။ အဲ့ဒီတော့ ပြစ်ဒဏ် အမျိုးအစားများကိုသာလျှင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တရားရုံးအဆင့်ဆင့်က အပြစ်ပေးလျက်ရှိပါ တယ်။ တရားရုံးများအနေနဲ့ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေတဲ့ ပြစ်ဒဏ်မျိုးကို ပေးခြင်းမရှိပါကြောင်း တင်ပြပါတယ်။ ဒါကြောင့် လက်ရှိကျင့်သုံးနေတဲ့ ဥပဒေနှင့်အညီ တရားရုံး အဆင့်ဆင့်ကလည်း ကျင့်သုံးနေတာနှင့်အညီဖြစ်တဲ့အတွက် ဒီ Convention ကိုဝင်ရောက်ဖို့အတွက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်တင်ပြတဲ့နေရာမှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အား လက်မှတ် ရေးထိုးရန်ဆိုတဲ့အတွက် ကဏ္ဍနှစ်ခုဖြစ်ပါတယ်။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူများ အပိုင်းတစ်ပိုင်း ဖြစ်ပါတယ်။ အရေးယူအပြစ်ပေးခြင်း

အပိုင်းတစ်ပိုင်း ဖြစ်ပါတယ်။ အခု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆွေးနွေးတဲ့အပိုင်းမှာ အရေးယူအပြစ်ပေးခြင်းအပိုင်းကို ဆွေးနွေးသွားတာဖြစ်ပြီးတော့ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုပ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူများနှင့်ပတ်သက်ပြီး ဒေါက်တာအောင်မိုးညို က နေရာဒေသကိုဖော်ပြ၊ ဖြစ်စဉ်များကိုဖော်ပြပြီး တင်ပြခဲ့တာရှိပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ သူတစ်ယောက်တည်းမဟုတ်ဘဲနဲ့ အခြားလွှတ်တော်ကိုယ်စားလှယ်တွေ၊ ဘယ်တုန်းက ဘယ်လိုတင်ပြတယ်ဆိုတာလည်း ဆွေးနွေးသွားတာ ကြားရပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိတဲ့ ဒုတိယဝန်ကြီးက ရဲချုပ်က အဲဒီလို ဆောင်ရွက်တဲ့လူတွေ ဝန်ကြီးဌာန အနေနဲ့လည်း လက်မခံဘူး။ ဆောင်ရွက်တယ်ဆိုလို့ရှိရင်လည်း အပြစ်ပေးပြီးပြီလို့ ပြောတာကြားရတဲ့ အတွက် အင်မတန်ကောင်းတယ်လို့ ပြောချင်ပါတယ်။ သို့ရာတွင် အခုလို ထူးခြားတဲ့ကိစ္စရပ်တွေမှာ မည်သို့မည်ပုံအပြစ်ပေးအရေးယူခဲ့တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်း မြင်သာအောင်တင်ပြခြင်းဖြင့် မိမိတို့ရဲ့ လုပ်ဆောင်ချက် တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဥပဒေမဲ့လုပ်လို့မရဘူး။ ဥပဒေနဲ့အညီပဲ လုပ်လို့ရတယ်။ ဒို့ပြင်နည်းနဲ့ ပြောရမယ်ဆိုလို့ရှိရင် တရားမျှတစွာ ဆောင်ရွက်ဖို့လိုတယ်။ တရားမျှတစွာ ဆောင်ရွက်ခြင်းမရှိဘူးဆိုရင် ဒီလိုပုဂ္ဂိုလ်တွေကို ဘယ်လိုအပြစ်ပေး အရေးယူတယ်ဆိုတာကို ဖော်ပြရမယ်ဆိုရင် ဒီနေ့လိုလားနေတဲ့ တရားဥပဒေစိုးမိုးရေးကိစ္စမှာ များစွာထိရောက် အသုံးဝင်လာမှာဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရဲ့ ဂုဏ်သိက္ခာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြံပြုပြောဆိုလိုတာကတော့ ပြစ်ဒဏ်များ ချမှတ်ပေးပြီဆိုလို့ရှိရင်လည်း မည်သို့မည်ပုံဖြစ်ဒဏ်များ ချမှတ်ပေးသည်ကို ထင်သာမြင်သာအောင် ထုတ်ပြန်ခြင်းအားဖြင့် ပြည်သူတို့ရဲ့ သံသယများကင်းစင်သွားမှာဖြစ်တဲ့အတွက် ဒီလိုဆောင်ရွက်ဖို့ လိုတယ်လို့လည်း အကြံပြုတိုက်တွန်းလိုပါတယ်။ ပြီးတဲ့အခါမှာ ဒီနေ့တင်ပြတဲ့အဆိုပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းတင်ပြတဲ့နေရာမှာ အခုဝင်စေလိုတဲ့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ထိုးဖို့ဆိုတဲ့ နေရာမှာ နိုင်ငံတိုင်း၊ နိုင်ငံတိုင်း အထူးသဖြင့်တော့ အာဆီယံနိုင်ငံတိုင်းက မဝင်ရသေးဘူး။ ၅ နိုင်ငံပဲ ဝင်ရသေးတယ်ဆိုတာကိုလည်း ကြားမိပါတယ်။ ဒါကြောင့် ဒီတိုင်းပဲ တချို့နိုင်ငံတွေက ကိုယ့်နိုင်ငံ အကျိုးစီးပွားအတွက် ဒီလို Convention တွေမှာ လက်မှတ်ထိုးတယ်။ သဘောတူညီချက်တွေမှာ လက်မှတ်ထိုးတယ်။ ကိုယ့်နိုင်ငံအကျိုးစီးပွားအတွက် မဖြစ်ဘူးဆို လက်မှတ်မထိုးဘူး။ ဥပမာအားဖြင့် ကျိုတိုသဘောတူညီချက်စသည် စသည် တွေ့ဖူးပါတယ်။ ကြားဖူးပါတယ်။ ကြုံဖူးပါတယ်။ အချုပ်အခြာအာဏာနဲ့ ပြောရမယ်ဆိုရင် အမျိုးသားအကျိုးစီးပွားနဲ့၊ လူ့အခွင့်အရေးနဲ့ ဆန့်ကျင်မှု

တွေဟာ နေရာတိုင်းမှာရှိပါတယ်။ ကြားဖူးပါတယ်။ မြင်တွေ့ဖူးပါတယ်။ ဒီမိုကရေစီဘိုးအေ ဆိုတဲ့ နိုင်ငံတွေမှာလည်း ဒါတွေရှိပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းတစ်ခု ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ ဒီနေ့ဆိုရင် လူ့အခွင့်အရေးတွေဟာ အမြဲတမ်း နေရာတိုင်းမှာ ပြဿနာရှိနေတယ်ဆိုတဲ့အသိနဲ့ ဒီနေ့မိမိတို့ လွှတ်တော်က အချုပ်အခြာအာဏာရဲ့အပိုင်းတစ်ခုဖြစ်တဲ့ ဥပဒေပြုရေးအာဏာကို ဆောင်ရွက်တဲ့အခါမှာလည်းပဲ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို မျက်ကွယ်ပြုလို့ မရဘူးဆိုတာလည်း သတိပြုဖို့လိုပါတယ်။ အဲ့ဒီနည်းတူပဲ ဒီနေ့မိမိတို့လိုလားနေတဲ့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကိုလည်း ပြစ်ပယ်ထားလို့ မရတဲ့အတွက် အရာရာကိုတော့ ချိန်ဆဆောင်ရွက်သွားဖို့ လိုကြောင်းလည်း လွှတ်တော်ကို တင်ပြချင်ပါတယ်။ ဒါကြောင့် ဒီနေ့ ဆွေးနွေးသွားတဲ့ နေရာတွေမှာ အဆိုရှင် ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထောင်စုအဖွဲ့အစည်းများက ဆွေးနွေးသွားတဲ့အတွက်လည်း မိမိတို့ မိမိအပါအဝင် လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်ကို စိတ်ဝင်စားပြီး နားထောင်နေတဲ့သူများ အတွက်လည်း များစွာအကျိုးကျေးဇူးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကို ကျွန်တော် တင်ပြပါ့မယ်။ ဒေါက်တာ အောင်မိုးညိုတင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်း များကလည်း ဆွေးနွေးသွားပါတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း ဝင်ရောက်ဆွေးနွေးခဲ့တာ ရှိပါ တယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာ ဖြစ်ပါတယ်။ ဒေါက်တာ အောင်မိုးညို တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာများ၏ ဆောင်ရွက်မှုကို စောင့်ကြည့်လိုအပ်သည်များ ကူညီဆောင်ရွက်သွားရန်အတွက် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ဒေါက်တာအောင်မိုးညိုတင်သွင်း တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ် စေသော အပြုအမူနှင့်အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်အား လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း

အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာတာဝန်ရှိသော အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ ရပ်နားပါမယ်။ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ ရပ်နားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၉) ရက်မြောက်နေ့ကို ၁၃း၄၅ နာရီအချိန်တွင်ရပ်နားပါသည်။]